ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-11-2015) (စာမျက်နှာ ၈)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

လတ်ဗီးယားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင်ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ ရွိုင်းမွန်း ဗီးဂျိုးနစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင်ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စ လမ်ဒိုတာ စထရိုဂျူမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တွေ့ကြုံခဲ့ရသည့်အခက်အခဲများ ပြေလည်အောင်ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၇

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး(JICM)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟော်ရိဇုန်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြီးခဲ့သည့်လကပြုလုပ်ခဲ့သည့် JICM အစည်းအဝေးတွင် လိုအပ်သည်များကို အကျေအလည်ညှိနှိုင်းခဲ့ကြပြီးဖြစ်ပါကြောင်း၊ JICM ၏ ရည်ရွယ်ချက်သည် NCA လက်မှတ်ရေးထိုးပြီး သဘောတူညီထားသည့် အချက်အားလုံးကို အကောင်အထည်ဖော်နိုင်အောင် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့●**

ကျန်ရှိသည့် သက်တမ်းကာလအတွင်း NCA ၏ သဘောတူညီချက်များအတိုင်း အပြည့်အဝအကောင်အထည်ဖော်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး နောင်တက်လာမည့်အစိုးရအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့်အခြေခံအုတ်မြစ်များကို ခိုင်ခိုင်မာမာချသွားမည်။

ဒလတံတားတည်ဆောက်ရေးနှင့် ရထားလူစီးတွဲ ၁၀၀ ဝယ်ရန် ကိုရီးယားငွေချေးရေး သဘောတူလက်မှတ်ရေးထိုး

ဒလနှင့်ပန်းဆိုးတန်းကို ဆက်သွယ်မည့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ)ပုံစံငယ်ကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၇

ဒလတံတားတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၃၈ သန်းနှင့် ရထားလူစီးတွဲအသစ် ၁၀၀ ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၄၅ သန်းကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ(EDCF)ကချေးရန် သဘောတူညီချက်အပေါ် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားပို့ကုန်/သွင်းကုန်ဘဏ်(Korea Exim Bank)တို့အကြား ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၌ လက်မှတ်ရေးထိုးကြသည်။

ဒလနှင့်ပန်းဆိုးတန်းကို ဆက်သွယ်မည့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ)အတွက် တံတားတည်ဆောက်ရန် ကုန်ကျမည့်ငွေ အမေရိကန်ဒေါ်လာ ၁၆၈ သန်းဟုခန့်မှန်းထားသည့်အနက် ကိုရီယားသမ္မတနိုင်ငံက အတိုးနှုန်းသက်သာစွာဖြင့် အမေရိကန်ဒေါ်လာ ၁၃၈ သန်းကို နှစ် ၄၀ ချေးမည်ဖြစ်သည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းအောင်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ကိုရီးယားနိုင်ငံဘက်မှ ကိုရီးယားပို့ကုန်/သွင်းကုန်ဘဏ်ဥက္ကဋ္ဌDr. Lee Duk-Hoonနှင့် မြန်မာနိုင်ငံ ဆိုင်ရာကိုရီးယား **စာမျက်နှာ ၈ ကော်လံ ၆ သို့■**

ကြေးမုံ ၁၈-၁၁-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

အကျိုးရှိစွာ အသုံးချနိုင်ပါစေ

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကာလတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာသည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စတင်သည့် ဒီမိုကရေစီအစိုးရသက်တမ်းကာလအတွင်း မိုဘိုင်းတယ်လီဖုန်းများကို လူတိုင်းစေ့ကိုင်တွယ်အသုံးပြုလာနိုင်သောအခါ ဆက်သွယ်မှုအဆင်ပြေရုံသာမက အသိအမြင်များ ပိုမိုပွင့်လင်းလာသည်ကို တွေ့ရသည်။

တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုခြင်းအပြင် Viber နှင့် Facebook စသည်တို့မှ မိတ်ဆွေဖွဲ့ခြင်း၊ မိတ်ဖက်များနှင့်စကားပြောခြင်း၊ အတွေ့အကြုံများကို မျှဝေခြင်း၊ မှတ်ချက်ပေးခြင်းဟူသည့် မိုဘိုင်းယဉ်ကျေးမှု ဖြစ်ထွန်းလာသည်။ လူမှုကွန်ရက်စာမျက်နှာများ၊ ဆိုရှယ်မီဒီယာများ အားကောင်းလာသောအခါ လူတိုင်း လူတိုင်း ကိုယ့်အမြင်၊ သူ့အမြင်တို့ကို ဖော်ထုတ်လာနိုင်ကြသည်။

တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုသာမက အုပ်ချုပ်သူတို့၏ အားသာချက်၊ အားနည်းချက်များကိုပါ ဝေဖန်ထောက်ပြလာကြသည်။ တစ်ဦးတစ်ယောက်သိအောင်၊ အုပ်ချုပ်သူတို့သိအောင် လုပ်ဆောင်နိုင်စွမ်းရှိလာသည်မှာ ဒီမိုကရေစီနိုင်ငံရေးတွင် ပိုမိုပူးပေါင်းပါဝင်ခွင့်ရစေသည့် အားသာချက်များ ပင်ဖြစ်သည်။ ယခင်က နိုင်ငံရေးဆိုသည်မှာ ပြည်သူလူထုနှင့် အလှမ်းဝေးလှသည်။ ယခု လူတိုင်းပါဝင်လာနိုင်သည်မှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလွတ်လပ်ခွင့်ကို အပြည့်အဝ ပုံဖော်နိုင်ခြင်းပင်ဖြစ်သည်။

သို့သော် ပြည်သူတို့အသုံးပြုသည့် လူမှုကွန်ရက်စာမျက်နှာများအလိုက် ကွဲပြားခြားနားမှုရှိသည်။ နိုင်ငံရေးတွင် လူတိုင်းပါဝင်ခွင့်ရှိသော်လည်း တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေသော နိုင်ငံရေးဖြစ်သင့်သည်။ လူမှုကွန်ရက်စာမျက်နှာတွင် ကောင်းမွန်သော အသိပညာဗဟုသုတများ ဆည်းပူးခွင့်ရလျှင် ပိုမိုသင့်မြတ်သည်။ ပေါင်းသင်းဆက်ဆံမှု ကျယ်ပြန့်လာခြင်းမှာလည်း အကောင်းအဆိုး ခွဲခြားတတ်ရမည်။

လူမှုကွန်ရက်စာမျက်နှာများသည် ကောင်းသောအကျိုးများရှိကြသလို မကောင်းသည့်နေရာတွင် အသုံးချမိမည်ဆိုပါက မိမိအတွက် ဆိုးကျိုးဖြစ်ရုံသာမက ပတ်ဝန်းကျင်အတွက်ပါ စိတ်အနှောင့်အယှက်များ၊ အခက်အခဲများ ဖြစ်စေနိုင်သည်။ ဥပမာ လူတစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၊ ဘာသာတစ်ရပ်နှင့် တစ်ရပ်၊ လူမျိုး တစ်မျိုးနှင့်တစ်မျိုး အမုန်းပွားအောင်၊ ပဋိပက္ခဖြစ်အောင် ကြမ်းတမ်းရိုင်းစိုင်းသည့် ပြောစကားများ၊ မမှန်မကန်လုပ်ကြံဖန်တီးမှုများ မပြုလုပ်မိဖို့ အထူးလိုသည်။

လူမှုကွန်ရက်များပေါ်မှ သူစိမ်းတစ်ရံဆံတို့နှင့် ဆက်ဆံကြသောအခါ အလွန်အကျွံရင်းနှီးကျွမ်းဝင်မှု၊ ယုံကြည်မှုမျိုး မပြုလုပ်မိဖို့လိုသည်။ သူစိမ်းတစ်ရံဆံသည် မည်သူမည်ဝါ၊ မည်သည့်နောက်ကြောင်းရှိသည်မှန်း မသိလိုက်ဘဲ မသင့်လျော်သောသူတို့နှင့် ဆက်သွယ်ဆက်ဆံမိပါက မိမိတို့ပင်အမှားနှင့်ကြုံကာ နောင်တရတတ်သည်။ အထူးသဖြင့် ငယ်ရွယ်သူမိန်းကလေးငယ်များ အထူးသတိထားသင့်သည်။

အရေးကြီးသည့်အချက်တစ်ခုမှာ အွန်လိုင်းမျက်နှာစာများသည် မိမိ၏ကိုယ်ပိုင်အချိန်၊ မိသားစု အချိန်၊ အလုပ်ချိန်၊ ပညာရှာချိန် ကုသိုလ်ရှာချိန်တို့ကို ထိခိုက်စေသဖြင့် အကျိုးမများဘဲ အချိန်နှင့်ငွေကိုအချည်းနှီး ကုန်ဆုံးစေပါသည်။ အချိန်များကို ကုန်ဆုံးလွယ်သဖြင့် တန်ဖိုးရှိလှသော မိမိတို့၏ကိုယ်ပိုင်အချိန်များ အလွယ်တကူ မဆုံးရှုံးစေရန်အတွက် အချိန်ပိုင်းခြားဆောင်ရွက်သင့်သည်။

ထို့အပြင် မိုဘိုင်းဖုန်းသုံးစွဲခြင်းကြောင့် ဘေးအန္တရာယ်မဖြစ်စေရေးကိုလည်း အထူးသတိထားသင့်သည်။ မိုဘိုင်းဖုန်းယဉ်ကျေးမှုမှာ မိမိတို့နိုင်ငံတွင်သာမက အရှေ့နိုင်ငံများတွင် လွန်ကဲစွာဖြစ်ထွန်းနေသည်ကိုတွေ့ရသည်။ အချို့နိုင်ငံများ၏ မှတ်တမ်းများအရ အချိန်လွန်သုံးစွဲခြင်းနှင့် ခရီးသွားလာရာတွင် ပတ်ဝန်းကျင်ကို သတိမမူဘဲသုံးစွဲမိသောကြောင့် အသက်ဘေးအန္တရာယ်ဖြစ်ကြရသော မြင်ကွင်းများကို မြင်တွေ့နေရသည်။

ခေတ်မီသောနိုင်ငံကြီးများတွင် မျက်မှောက်ယဉ်ကျေးမှုများကွယ်ပျောက်၍ မိုဘိုင်းယဉ်ကျေးမှုများ ဖုံးလွှမ်းသွားသည်ကိုတွေ့ရသည်။ ထို့ကြောင့် မိုဘိုင်းယဉ်ကျေးမှုသည် သုံးတတ်လျှင် အကျိုးများပြီး မသုံးတတ်လျှင် ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သောကြောင့် မိုဘိုင်းဖုန်းသုံးစွဲကြသူများအားလုံး စည်းကမ်းရှိစွာဖြင့် ချင့်ချိန်သုံးစွဲတတ်စေရန် တိုက်တွန်းအပ်ပါသည်။ ။

မြေအောက်ရေဖြင့် မြို့နယ်၏ အဓိကထွက်ကုန်သီးနှံများ စိုက်ပျိုးလာ

မိတ္ထီလာ နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ၏ မိုးလို မိုးနည်းရပ်ဝန်းဖြစ်သည့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ မြေအောက်ရေဖြင့် ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၉၃ ရွာတွင် အဝီစိတွင်းပေါင်း ၃၅၀ ကျော် တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခင်က ဆည်ရေသောက်များမရရှိသည့်အတွက် မိုးကိုသာမျှော်ပြီး တစ်သီးစားသာ စိုက်ပျိုးနိုင်သဖြင့် စားဝတ်နေရေး အခက်အခဲများကြုံတွေ့နေရာမှ မြေအောက်ရေရရှိအောင် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ပေးမှုကြောင့် ရာသီမရွေးသီးနှံများ စိုက်ပျိုးနိုင်ကြရာ ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဦးဆောင်၍ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မိတ္ထီလာမြို့နယ်၌ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၉ ရွာ၌ အဝီစိတွင်းပေါင်း ၁၈၀ နှင့် ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာပေါင်း ၂၀ တွင် အဝီစိတွင်းပေါင်း ၁၂၈ တွင်းများကို တူးဖော်ဆောင်ရွက်ပေးခဲ့ရာ အဆိုပါကျေးရွာများ၌ မြေအောက်ရေကို အသုံးပြု၍ တစ်နှစ်ပတ်လုံး သီးနှံများစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ထို့ပြင် ဆည်ရေသောက် မရရှိသည့် အခြားကျေးရွာများကလည်း တောင်းဆိုခဲ့၍ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ညောင်ကိုင်း၊ ကန်တောင်၊ လျှော်ဖြူကန်၊ ရှမ်းတဲ၊ မောက်လောက်၊ ရုံးတော၊ မကျီးစု၊ ကံကြီး၊ ဇောင်းချမ်းကုန်း၊ ထမုန်ကန်၊ တောမ၊ မြာ၊ ဆည်အောင်၊ ကျောက်ဖြူကုန်း၊ မွေ၊ ခင်လူး၊ ကဖြူ၊ ကျောင်းရွာ၊ ကန်သာ၊ ညောင်ကန်၊ ကုက္ကိုကုန်း၊ ဝါရုံ၊ ကွက်ငယ်နှင့် ရွှေစစ်သည် ကျေးရွာအုပ်စုများမှ ကျေးရွာ ၃၄ ရွာ၌ အဝီစိရေတွင်းပေါင်း ၅၀ လျာထားရာမှ ၃၅ တွင်း တူးဖော်ဆောင်ရွက်ပြီးစီး၍ ကျန်ရှိနေသည့် အဝီစိရေတွင်းများအား ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်တွင် ကျေးရွာပေါင်း ၉၃ ရွာ၌ အဝီစိရေတွင်းပေါင်း ၃၅၀ ကျော် တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် အဆိုကျေးရွာများ၌ မြေအောက်ရေများဖြင့် စပါးခင်းများတွင် ဖြည့်စွက်ရေများအပြင် ကြက်သွန်၊ ငရုတ်၊ ဝါ၊ ပဲသီးစိမ်းနှင့် အခြားသီးနှံများကို တစ်ပိုင်းတစ်နိုင်စိုက်ပျိုးကြရာမှ တစ်နှစ်ပတ်လုံး စိုက်ပျိုးလာနိုင်ကြသဖြင့် မြို့နယ်၏ အဓိကထွက်ကုန်တစ်ခုအဖြစ် ပိုမိုစိုက်ပျိုးလာနိုင်သည့်အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကြ၍ ဒေသခံများက ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မင်းဘူးမြို့၌ မြို့ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်လျက်ရှိ

မင်းဘူး နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၏ ရပ်ကွက်နေပြည်သူအများသောက်သုံးရေ ဖူလုံစွာရရှိနိုင်ရန်အတွက် မြို့ရေပေးရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းဘူးမြို့သည် ဧရာဝတီမြစ်ကမ်းအနောက်ဘက်၊ ကုန်းမြင့်ပိုင်းဒေသတွင် မြို့တည်ထားသည့်အတွက် မြေအောက်ရေ တူးဖော်ရန်အခက်အခဲရှိသဖြင့် မြို့နှင့် တစ်မိုင်အကွာရှိ ကျောက်တန်းကျေးရွာမှ မြေအောက်ရေအား ရေတင်စက်ကြီးများဖြင့် ဖြန့်ဝေပေးနေလျက်ရှိသော်လည်း သောက်သုံးရေမလုံလောက်သဖြင့် နိုင်ငံတော်မှ ဧရာဝတီမြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြို့ရေပေးရေးလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်ပေးခြင်းဖြစ်သည်။

တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းကို နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၆၃၄ ဒဿမ ၅၃ သန်းဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

ရပ်ကွက်လေးရပ်ကွက်၊ အိမ်ခြေ ၅၂၀၅ အိမ်၊ လူဦးရေ ၂၉၈၈၆ ဦးရှိပြီး တစ်ရက်သောက်သုံးရေ ဂါလန်ခြောက်သိန်းခန့် လိုအပ်လျက်ရှိရာ လက်ရှိ တစ်ရက်ရေဂါလန် ၄၁၀၀၀၀ ဖြန့်ဝေပေးနေလျက်ရှိပြီး တိုးချဲ့မြို့ရေပေးရေးစက်ရုံ တည်ဆောက်ပြီးစီးပါက တာဘိုင်ရေစက်ရုံ၊ လိပ်တောင်ရေလှောင်ကန်၊ အောင်မြေရေလှောင်ကန်နှင့် အမှတ်(၂)ရပ်ကွက်ရှိ မြစ်ရေတင်တို့မှတစ်ဆင့် မြို့ပေါ် ရပ်ကွက်နေ ပြည်သူများအားသောက်သုံးရေ ဖူလုံစွာဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တင်ထွန်းဦး(မင်းဘူး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်(ရွှေဈေး) - ၃၄၇၅၀၀ - ၃၄၈၅၀၀၊ မန္တလေး(ရွှေဈေး) ၃၄၇၀၀၀ - ၃၄၈၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၆၃၀/၆၄၀ ကျပ်၊	၆၈၀/၆၉၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၃၇၀/၃၉၀ ကျပ်၊	၈၅၀/၉၀၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၆၇၀/၆၉၀ ကျပ်၊	၃၄၀/၃၅၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	-	၁၂၈၉. ၀	(ဆ) ဂျပန်	တစ်ရာယန်း	- ၁၀၄၅. ၅
(ခ) ဥရောပ	တစ်ယူရို	-	၁၃၇၇. ၅	(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၁၀. ၂၅
(ဂ) တရုတ်	တစ်ယွမ်	-	၂၀၂. ၃၂	(စျ) ဩစတြေးလျ	တစ်ဒေါ်လာ	- ၉၁၅. ၄၈
(ဃ) ထိုင်း	တစ်ဘတ်	-	၃၅. ၈၃၅	(ည) စင်ကာပူ	တစ်ဒေါ်လာ	- ၉၀၇. ၂၄
(င) မလေးရှား	တစ်ရင်းဂစ်	-	၂၉၄. ၆၃			
(စ) အိန္ဒိယ	တစ်ရူပီး	-	၁၉. ၅၅၉			

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဖေဝင်း၊ အေဝမ်းဦး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အဝယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလှ၊ မေသကြိန်၊ ဘေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မြိုးဌား)
အထူးသတင်းထောက် - ဆုနှင်းလှ၊ သိရီ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုမန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင်ကျရောက်သော အိုမန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုမန်နိုင်ငံ ဘုရင် ကဘူးစ် ဘင် ဆာအစ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၅ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ၊ ၂(c)၊ ၃(က)၊ (ခ)၊ ၁၀(ခ)၊ (c)၊ (စ)၊ အခန်း(၈) ခေါင်းစဉ်နှင့် ပုဒ်မ ၂၀၊ ၂၄ တို့တွင်ပါရှိသော "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်"ဆိုသည့်စကားရပ်ကို "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာတစ်ရပ်ရပ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေတွင် ပုဒ်မ ၄ ခြေဆင်းစကားရပ်နှင့် ပုဒ်မ ၄(က)(ခ)၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၃၂ တို့၌ ပါရှိသော "မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၇(ဂ)ပါ "၃ကြိမ်"ဆိုသည့် စကားရပ်ကို "၂ကြိမ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၉ တွင်-
(က) ပုဒ်မခွဲ(ဃ)၏နောက်တွင် ပုဒ်မခွဲ(c)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်။
"(c) ကောင်စီဝင်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက ဆုံးဖြတ်ခံရခြင်း၊"
(ခ) ပုဒ်မခွဲ(c)ကို ပုဒ်မခွဲ(စ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(၆)ကို အောက်ပါအတိုင်းအစားထိုးရမည်-
"(၆) နိုင်ငံတော်ကအပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဘွဲ့လွန်များကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက် လည်းကောင်း၊ အခြားဘွဲ့များအတွက်ပေးအပ်သော ဘွဲ့လွန်များကို တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြု အတတ်ပညာဘွဲ့လွန်အဖြစ် နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက်လည်းကောင်း ဆောင်ရွက်ခြင်း၊"

၇။ ပုဒ်မ ၁၁ ခြေဆင်းတွင်ပါရှိသော "လျှောက်ထားနိုင်သည်" ဆိုသည့်စကားရပ်ကို "လျှောက်ထားရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-
"၁၁-က။ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံခြားသားသည် အောက်ပါအရည်အချင်းတစ်ရပ်ရပ်နှင့်ကိုက်ညီပါက မှတ်ပုံတင်ခွင့်ပြုရန် ကောင်စီသို့လျှောက်ထားနိုင်သည်-
(က) ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘီဗွီအက်စ်စီဘွဲ့နှင့် အလားတူဘွဲ့ရရှိသူ၊
(ခ) တိရစ္ဆာန်ဆေးပညာကောင်စီမှ သတ်မှတ်ထားသော အရည်အချင်းနှင့် ကိုက်ညီသူ။"

၉။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၂၅ တွင်-
(က) ပုဒ်မခွဲ (က)ပါ "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်ကို "ငွေဒဏ် ကျပ်သုံးသိန်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ(ခ)ပါ "ထောင်ဒဏ် ၃ နှစ်" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ် တစ်နှစ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ် ကျပ် ၃၀၀၀၀"ဆိုသည့်စကားရပ်ကို "ငွေဒဏ် ကျပ်သုံးသိန်း"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၀။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၂၆ ပါ "ထောင်ဒဏ် ၁ နှစ်" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ် ကျပ် ၁၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

စစ်အုပ်ချုပ်ရေးအမိန့် ရုပ်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်၊ ၇/၂၀၁၅
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)
စစ်အုပ်ချုပ်ရေးအမိန့်ရုပ်သိမ်းခြင်း

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိပြီး တည်ငြိမ်အေးချမ်းမှုများရရှိနေပြီဖြစ်သဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ) အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၂/၂၀၁၅)ဖြင့် ထုတ်ပြန်ထားသည့် စစ်အုပ်ချုပ်ရေးအမိန့်ကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင်ကျရောက်သော အိုမန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုမန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယူဆပ်ဖ် ဘင် အလာဝီ ဘင် အပ္ဘဒူလာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လတ်ဗီးယားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဒ်ဂါစ် ရင်းကဲဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ချက်သမ္မတနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် FORUM-ASIA မှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၇

Asian Forum for Human Rights and Development (FORUM-ASIA) မှ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌဟောင်း Professor Kyong Whan Ahn၊ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Mr. Nur Kholis၊ FORUM-ASIA အတွင်းရေးမှူးချုပ်ရုံးမှ Ms. Betty Yolanda နှင့် Mr.Joses Kuan တို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌဦးဝင်းမြ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် လာရောက်တွေ့ဆုံသည်။ **(အောက်ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့က ပါရီအခြေခံမူများနှင့် အညီ ဥပဒေအရ ကော်မရှင်ကို ဖွဲ့စည်းထားမှု၊ ကော်မရှင်အဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်မှု၊ လူ့အခွင့်အရေး ကိစ္စရပ်များတွင် ကော်မရှင်နှင့် အရပ်ဘက် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု၊ တိုင်တန်းချက်များကို ကော်မရှင်က ကိုင်တွယ်ဆောင်ရွက်မှု၊ အကျဉ်းထောင်များအား လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးမှု၊ ဥပဒေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်က အကြံပြုမှုများ၊ အဓိကကျသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုရန်အတွက် ကော်မရှင်က အကြံပြုသည့် ကိစ္စရပ်များ၊ ကော်မရှင်၏ Budget ကိစ္စရပ်များ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အကြံပြု တိုက်တွန်းမှုများ၊ ကော်မရှင်၏ ကွင်းဆင်းစစ်ဆေးမှုများနှင့် အကြံပြု တိုက်တွန်းမှုများကို ရှင်းလင်းပြောကြားပြီး FORUM-ASIA ကိုယ်စားလှယ်အဖွဲ့၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

◆

အိုင်အက်စ်အဖွဲ့၏ အခြားသောတိုက်ခိုက်လာနိုင်ဖွယ်ရှိမှုများ စီအိုင်အေအကြီးအကဲ သတိပေး

ဝါရှင်တန် နိုဝင်ဘာ ၁၇

လွန်ခဲ့သည့် သီတင်းပတ်က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုမှာ ပစ်မှတ်တစ်ခု သို့မဟုတ် အဖြစ်အပျက်တစ်ခုမဟုတ်သေးဘဲ အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်) အဖွဲ့အနေဖြင့် အခြားသောနေရာများကို တိုက်ခိုက်ရန် ပြင်ဆင်လှုပ်ရှားနေဖွယ်ရှိကြောင်း စီအိုင်အေအကြီးအကဲက သတိပေးပြောကြားလိုက်သည်။

အိုင်အက်စ်စစ်သွေးကြွများသည် အခြားသောနေရာများကို တိုက်ခိုက်သွားရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်မည်ဟု မိမိယူဆကြောင်း စီအိုင်အေညွှန်ကြားရေးမှူး ဂျွန်ဘရနန် **(အောက်ပုံ)**က နိုဝင်ဘာ ၁၆ ရက်တွင် ဝါရှင်တန်မြို့၌ ပြောကြားသည်။

ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရမှုမှာ လအတန်ကြာ စနစ်တကျဖြင့် လျှို့ဝှက်ကြံစည်တိုက်ခိုက်ခဲ့ခြင်းဖြစ်မည်ဟု ယူဆရကြောင်းလည်း ဘရနန်က ပြောကြားသည်။

အိုင်အက်စ်အဖွဲ့သည် စောစောပိုင်းက အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်ကို တိုက်ခိုက်ရန် ခြိမ်းခြောက်သည့် ဗီဒီယိုပြကွက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ သို့သော် အမေရိကန်ပြည်တွင်းလုံခြုံရေးဌာနနှင့် အက်ဖ်ဘီအိုင် အရာရှိများက တိုက်ခိုက်မှုနှင့် ခြိမ်းခြောက်သည့် ပစ်မှတ်များနှင့်ပတ်သက်၍ တိကျခိုင်မာသည့် သတင်းအချက်အလက်များမရရှိခဲ့ဟု ပြောကြားသည်။

အင်နန်အိတ်ချ်ကေ။

ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသော နိုင်ငံခေါင်းဆောင်များ။

ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကျင်းပချိန် ကျောက်မီးသွေးသုံးစွဲမှု ပြည်သူများကန့်ကွက်

အန်ကာရာ နိုဝင်ဘာ ၁၇

တူရကီနိုင်ငံ၌ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကျင်းပနေချိန်အတွင်း ယင်းနိုင်ငံ၏ ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်း ဗဟိုပြုရာ ဇွန်ဂူဒက်မြို့နှင့် အနီးဝန်းကျင် မြို့ရွာများမှ ဒေသခံပြည်သူများက ကျောက်မီးသွေးသုံးစွဲမှု တိုက်ဖျက်ရေး လူထုစည်းဝေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကျောက်မီးသွေးအသုံးပြုသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံနှစ်ရုံလည်ပတ်မှုကြောင့် လေထုညစ်ညမ်းမှု ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေရပြီး အကျိုးရလဒ်အားဖြင့် ပြည်သူတို့ ကျန်းမာရေး ထိခိုက်ရကြောင်း၊ ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ထပ်မံတည်ဆောက်ခြင်းမပြုရန် အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက လူထုစည်းဝေးပွဲတွင် ပြောကြားကြသည်။

တူရကီနိုင်ငံ ပင်လယ်နက် ပင်လယ်ကမ်းရိုးတန်းမှ ၇၈ ကီလိုမီတာအကွာ ဇွန်ဂူဒက်ဒေသ၌ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံသစ် နောက်ထပ် ၁၄ ခု ထပ်မံ တည်ဆောက်ရန် တူရကီအစိုးရက စီစဉ်ထားသည်။ **ရိုက်တာ။**

အီဂျစ်တွင် ခရီးသည်တင်လေယာဉ် ပျက်ကျရခြင်းမှာ ပုံးပေါက်ကွဲမှုကြောင့်ဟု ရုရှားအတည်ပြု

မော်စကို နိုဝင်ဘာ ၁၇

ရုရှားနိုင်ငံမှ ခရီးသည်တင်ဂျက်လေယာဉ်တစ်စင်း လွန်ခဲ့သည့် လက အီဂျစ်နိုင်ငံတွင် ပျက်ကျရခြင်းမှာ ပုံးပေါက်ကွဲမှုကြောင့် ဖြစ်ရကြောင်း ရုရှားနိုင်ငံက နိုဝင်ဘာ ၁၇ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် အတည်ပြု ပြောကြားသည်။

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား လေကြောင်းမှ တိုက်ခိုက်နေခြင်းအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အဆိုပါတိုက်ခိုက်မှုကို ပြုလုပ်ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း ကြေညာသည့် အိုင်အက်စ်အဖွဲ့ကို ချေမှုန်းသွားမည်ဟုလည်း ရုရှားက ကတိပြု ပြောကြားသည်။

ယင်းလေယာဉ် ပျက်ကျမှုသည် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဖြစ်ရသည်ဆိုသော အနောက်အုပ်စု နိုင်ငံများ၏ပြောကြားချက်ကို ရုရှားက အစောပိုင်းတွင် လက်ခံခြင်းမရှိပေ။ အရေးပါသော အချက်အလက်များ ပေါ်ထွက်လာရေးအတွက် တရားဝင် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် လိုအပ်သည်ဟု ရုရှားက ပြောကြားခဲ့သည်။

လူပေါင်း ၁၂၉ ဦး သေဆုံးခဲ့ရသော ပါရီ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားအပြီး သုံးရက်အကြာ နိုဝင်ဘာ ၁၆ ရက်တွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ အလက်ဇန္ဒာဘော့နီကော့ပ်ဦးဆောင်သည့် ရုရှား အက်ဖ်အက်စ်ဘီ လုံခြုံရေးဌာန၏ အစည်းအဝေးကို ကျင်းပခဲ့ရာတွင် ရုရှားသမ္မတဗလာဒီမာပူတင်က သဘာပတိအဖြစ် တက်ရောက်ခဲ့သည်။

လေယာဉ်အပျက်အစီး အပိုင်းအစများနှင့် လေယာဉ်စီးခရီးသည်များ၏ ပစ္စည်းများနှင့်အတူ ဗုံးအစိတ်အပိုင်းများကို သဲလွန်စအဖြစ် ရှာဖွေတွေ့ရှိခဲ့ရကြောင်း ဘော့နီကော့ပ်က ပြောကြားသည်။

တီအန်တီ ယမ်းဘီလူး တစ်ကီလိုဂရမ်ပါဝင်သော လက်လုပ်ဗုံးသည် အဆိုပါ လေယာဉ်ပျံသန်းနေစဉ်တွင် ပါရှိလာကြောင်း၊ လေထုအတွင်း လေယာဉ်ပေါက်ကွဲ ပျက်ကျရခြင်း ဖြစ်ပြီး ယင်းဗုံးပေါက်ကွဲမှုကြောင့် လေယာဉ်၏ အပျက်အစီးအစိတ်အပိုင်းများ မြေပြင်ပေါ်သို့ ကြီးမားကျယ်ပြန့်စွာ ကျရောက်ခဲ့ကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။

ရိုက်တာ။

အေပက်ထိပ်သီးအစည်းအဝေးတက်ရန် သမ္မတအိုဘားမား ဖိလစ်ပိုင်သို့ ရောက်ရှိ

မနီလာ နိုဝင်ဘာ ၁၇

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)ထိပ်သီး အစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာသို့ နိုဝင်ဘာ ၁၇ ရက်တွင် ရောက်ရှိခဲ့သည်။ အေပက်ထိပ်သီးအစည်းအဝေးသည် အိုဘားမားအတွက် စီးပွားရေးအရ အင်အားကြီးမားလာသော အာရှဒေသနှင့် ကုန်သွယ်ရေးအရလည်းကောင်း၊ လုံခြုံရေးအရ လည်းကောင်း ဆက်ဆံရေး မြှင့်တင်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် အေပက်အစည်းအဝေးသည် တူရကီနိုင်ငံ၌ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲအပြီး ကျင်းပသည့် နိုင်ငံတကာဖိုရမ် ဆွေးနွေးပွဲတစ်ရပ်ဖြစ်သည်။ ဂျီ-၂၀ ထိပ်သီး အစည်းအဝေးတွင် ဆီးရီးယားနိုင်ငံ၏ လေးနှစ်ခွဲကြာ ပြည်တွင်းစစ်နှင့်ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။

သမ္မတအိုဘားမားသည် အေပက်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ပြီးနောက် အာဆီယံနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

သမ္မတ အိုဘားမားသည် ဖိလစ်ပိုင်သမ္မတ ဘီနစ်နို အကွီနိုနှင့် တွေ့ဆုံသည့် အခါ တောင်တရုတ်ပင်လယ်ရေကြောင်းနယ်နိမိတ် အငြင်းပွားမှုများအရ ဖြစ်ပေါ်နေသော ဒေသဆိုင်ရာ တင်းမာမှုများနှင့် ပတ်သက်၍လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန်တို့ စစ်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

အွန်လိုင်းလောင်းကစားဂိုဏ်း တရုတ်ရဲတပ်ဖွဲ့ ဖြိုခွင်း

ချန်းရှာ နိုဝင်ဘာ ၁၇

အွန်လိုင်းကာစီနိုလောင်းကစားရုံ ၅၀၀ ကျော် ဖွင့်လှစ်ထားပြီး လောင်းကစားသမားအဖွဲ့ဝင် တစ်သန်းထိ ဆွဲဆောင်ကာ အလောင်းအစားတန်ဖိုး ယွမ် ၅၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၄ ဘီလီယံ) ထိရှိသော အွန်လိုင်းလောင်းကစားကွန်ရက်တစ်ခုတွင် ပါဝင်သည်ဟုစွပ်စွဲထားသူ ၉၈ ဦးအား ဖမ်းဆီးဖြိုခွင်းခဲ့ကြောင်း တရုတ်ရဲတပ်ဖွဲ့က ကြေညာလိုက်သည်။

အဆိုပါစစ်ဆင်ရေးမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့ကြောင်း တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်များက နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

လောင်းကစားဝက်ဘ်ဆိုက် အများအပြားသည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ရှန်ဇန်းရှိ နည်းပညာကုမ္ပဏီတစ်ခုပိုင်ဆိုင်သည့် တူညီသော ဆာဗာကို မျှဝေခဲ့သည်ဟု စုံစမ်းစစ်ဆေးမှုက တွေ့ရှိခဲ့သည်။

ဟူနန်နှင့် ကွမ်တုန်ပြည်နယ်ရဲတပ်ဖွဲ့များသည် ဇူလိုင်လကတည်းက သံသယရှိသူ ၉၈ ဦးကို ဖမ်းဆီးခဲ့ပြီး စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်အတွင်း လောင်းကစားရုံ ၁၂ ရုံကို ပိတ်ပစ်လိုက်သည်။ လောင်းကစားပြုလုပ်ခြင်းမှာ တရုတ်ပြည်မကြီး၌ ၁၉၄၉ ခုနှစ်ကတည်းက တရားမဝင်ကြောင်း သိရသည်။

ဆင်ဟွာ။

ဥရောပတစ်လွှားဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ

ဘယ်လ်ဂျီယံနိုင်ငံ၏ ဆက်နွယ်ချက်များ

နှင့်

အောင် ကျော် ကျော်

ရွှေ့ပြောင်းဒုက္ခသည် အများအပြားရောက်ရှိနေပြီး အကြမ်းဖက်မှုများနှင့် ဆက်စပ်မှုရှိနေသော ဘယ်လ်ဂျီယံနိုင်ငံ၏ မြူနီစီပယ် မြို့တစ်မြို့ဖြစ်သည့် မိုလန်ဘိခ်တွင် အစိုးရ၏ အာဏာသက်ရောက်မှု မရှိတော့ . . .

ဘယ်လ်ဂျီယံနိုင်ငံသည် ဆီးရီးယားနိုင်ငံမှ ဥရောပနိုင်ငံများသို့ သွားရောက်ကြမည့် အကြမ်းဖက်တိုက်ခိုက်ရေးသမားများ စုဝေးနေသည့် ဥရောပ၏ အချက်အချာကျသော နေရာတစ်ခုဖြစ်သည်။

ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြား၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများတွင် ဘယ်လ်ဂျီယံနိုင်ငံတွင် ခိုအောင်းနေကြသည့် အကြမ်းဖက်သမားများနှင့် ပတ်သက်မှုများ ရှိနေသည်ကို တွေ့ရှိရသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ လူပေါင်းရာကျော်သေဆုံးခဲ့သည့် အကြမ်းဖက်မှုများတွင်လည်း ဘယ်လ်ဂျီယံနိုင်ငံရှိ အကြမ်းဖက်သမားများနှင့် ပတ်သက်မှုရှိနေသည်ကို တွေ့ရသည်။ ယင်းတိုက်ခိုက်မှုများတွင် ပါဝင်လုပ်ရှားခဲ့သော အကြမ်းဖက်တိုက်ခိုက်ရေးသမား အနည်းဆုံး သုံးဦးခန့်သည် ဘယ်လ်ဂျီယံနိုင်ငံတွင် ခိုအောင်းနေသည့် အကြမ်းဖက်သမားများ ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

ရွှေ့ပြောင်းဒုက္ခသည်အများအပြား ရောက်ရှိနေပြီး အကြမ်းဖက်မှုများနှင့် ဆက်စပ်မှုရှိနေသော ဘယ်လ်ဂျီယံနိုင်ငံ၏ မြူနီစီပယ်မြို့တစ်မြို့ဖြစ်သည့် မိုလန်ဘိခ်တွင် အစိုးရ၏ အာဏာသက်ရောက်မှု မရှိတော့ကြောင်း နိုဝင်ဘာ ၁၅ ရက်က ဘယ်လ်ဂျီယံပြည်ထဲရေးဝန်ကြီး ဂျန်ဂျမ်ဘွန်က ဆိုသည်။

ကမ္ဘာတစ်ဝန်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအနက် ဘယ်လ်ဂျီယံနိုင်ငံနှင့်ပတ်သက်မှုရှိခဲ့သော အကြမ်းဖက်မှုအချို့ကို အောက်တွင်ဖော်ပြထားပါသည်။

ပါရီမြို့အကြမ်းဖက်မှုတွင် ပါဝင်ခဲ့သော ဘယ်လ်ဂျီယံနိုင်ငံတွင် ခိုလှုံခဲ့သည့် အကြမ်းဖက်သမားသုံးဦး

နိုဝင်ဘာ ၁၃ ရက်ဖြစ်ပွားခဲ့သော လူပေါင်း ၁၅၀ ကျော် သေဆုံးခဲ့သည့် ပါရီမြို့အကြမ်းဖက်မှုတွင် ဘယ်လ်ဂျီယံနိုင်ငံတွင် ခိုလှုံနေသည့် အကြမ်းဖက်သမား အနည်းဆုံး သုံးဦး ပါဝင်ပတ်သက်ခဲ့ကြောင်း အာဏာပိုင်များကဆိုသည်။

ယင်းတို့အနက် မိုဟာမက် သည် ဘယ်လ်ဂျီယံနိုင်ငံ၏ မြူနီစီပယ်မြို့ မိုလန်ဘိခ်တွင် ဖမ်းဆီးခြင်းခံခဲ့ရပြီး အီဘရာဟန် အာဘီဒီစလန် သည် ပါရီ အကြမ်းဖက်မှုတွင် သေဆုံးခဲ့သည်။

ကျန်တတိယမြောက် တစ်ဦးမှာ အသက် (၂၆) နှစ်အရွယ် ဆာလက်ခ်ျ ဖြစ်ပြီး ၎င်း၏နာမည်နှင့် ရုပ်ပုံတို့ကို ပိုစတာများပေါ်တွင် ဖော်ပြကာ အာဏာပိုင်များက ဖမ်းဝရမ်းထုတ်ထားသည်။ အာဏာပိုင်များက ယင်းပိုစတာများပေါ်တွင် "အန္တရာယ်ကောင်၊ မည်သူမျှ သူ့ကို အကူအညီမပေးပါနဲ့" ဆိုသည့် စာသားများရေးသားထားပြီး ပြည်သူများအား အသိပေးသည့်အနေဖြင့် လူစည်ကားရာနေရာများတွင် ယင်းပိုစတာများကို ကပ်ထားသည်။

အိုင်အက်စ်တို့ထက္ကြမ္ဘမရှိသေးခင် အယ်လ်ဂျီးဒါအဖွဲ့အတွက် အသေခံပုံးခွဲခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံသူတစ်ဦး

၂၀၀၅ ခုနှစ်က အီရတ်နိုင်ငံအတွင်း အမေရိကန်စစ်တပ်တစ်ဖွဲ့ ကင်းလှည့်နေစဉ် ပုံးဆန်များ တစ်ကိုယ်လုံးတွင် တပ်ဆင်ကာ အသေခံပုံးခွဲခဲ့သည့် အစ္စလာမ်ဘာသာသို့ ကူးပြောင်းခဲ့သော မူရီယယ် ဒီဂွာကေး အမည်ရှိ အမျိုးသမီးတစ်ဦး၏သေဆုံးမှုကို ကြည့်ရှုခြင်းအားဖြင့် ဘယ်လ်ဂျီယံနိုင်ငံနှင့် အကြမ်းဖက်ဝါဒကို ဖက်တွယ်ထားသည့် ဂျီဟတ်တို့၏ဆက်ဆံရေးကို သိမြင်နိုင်သည်။

အရက်နှင့်မူးယစ်ဆေးဝါးများ နှစ်ပေါင်းများစွာကြာ အလွန်အကျွံသုံးစွဲခဲ့ပြီးနောက် မူရီယယ်သည် အယ်လ်ဂျီးရီးယားအမျိုးသားတစ်ဦးနှင့်လက်ထပ်ခဲ့သည်။ ထိုသူသည် သူ့အား အစ္စလာမ်ဘာသာနှင့်စတင်မိတ်ဆက်ပေးခဲ့သူဖြစ်သည်။ မူရီယယ်သည် နောက်ထပ် ဘယ်လ်ဂျီယံနိုင်ငံသားတစ်ဦးနှင့် လက်ထပ်ခဲ့ပြီးနောက် အီရတ်နိုင်ငံအတွင်း အဘူမူဆက် အယ်ဇာကာဝီ ဦးဆောင်သည့် အကြမ်းဖက်မှုကွန်ရက်အတွက် ဥရောပနိုင်ငံများရှိ မွတ်စလင်ဘာသာဝင်များအား စည်းရုံးပြီး တပ်သားသစ်များ စုဆောင်းပေးရသော အစ္စလာမ္မစ် အဖွဲ့တစ်ဖွဲ့တွင် ဝင်ရောက်လုပ်ရှားခဲ့ကြောင်း ဘယ်လ်ဂျီယံရဲအရာရှိများက ဆိုသည်။ အဆိုပါကွန်ရက်သည် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးတွင် တဖြည်းဖြည်း အရေးပါလာခဲ့သည်။

ပါရီမြို့စူပါမားကတ် အကြမ်းဖက်မှုတွင် အသုံးပြုခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံမှ ဝယ်ယူခဲ့သော လက်နက်များ

ဇန်နဝါရီလက ပါရီမြို့ရှိ စူပါမားကတ် တစ်ခုတွင် အယ်မီဒီကိုလီဘာလေ ဆိုသူက ရဲအရာရှိတစ်ဦးအပါအဝင် ဓားစာခံလေးဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။ ယင်းဖြစ်ရပ်သည် လူ ၁၂ဦးသေဆုံးခဲ့သည့်ပြင်သစ်သရော်စာမဂ္ဂဇင်းတိုက် ချာလီဟက်ဒို အကြမ်းဖက်မှု ပြီးနောက်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု တစ်ခုဖြစ်သည်။

ကိုလီဘာလေသည် အဆိုပါအကြမ်းဖက်မှုများကျူးလွန်ရန်အတွက် လက်နက်များကို ဘယ်လ်ဂျီယံနိုင်ငံ၏ မြူနီစီပယ်မြို့ မိုလန်ဘိခ်မှ ဝယ်ယူခဲ့သည်ဟု ယုံကြည်ရသည်။ ကိုလီဘာလေက မဂ္ဂဇင်းတိုက်အကြမ်းဖက်မှုနှင့် စူပါမားကတ်အကြမ်းဖက်မှုတို့ကို ၎င်းကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သူ၏ အစ္စလာမ္မစ် နိုင်ငံထူထောင်ရေး သစ္စာခံလုပ်ဖော်ကိုင်ဖက်များကို ကြေညာခဲ့သည်။

ကိုလီဘာလေသည် ရဲများနှင့် အပြန်အလှန်ပစ်ခတ်ရာတွင် သေဆုံးသွားခဲ့သော်လည်း ၎င်း၏ချစ်သူ ဟေရက် ဘွန်မီဒီရာမှာ လွတ်မြောက်သွားခဲ့သည်။ အဆိုပါမိန်းကလေးသည် အစ္စလာမ္မစ်အဖွဲ့ ထိန်းချုပ်ထားသော ဆီးရီးယားနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နိုင်ဖွယ်ရှိသည်။

ဘယ်လ်ဂျီယံနိုင်ငံ မိုလန်ဘိခ်မြို့တွင် ဖြစ်ပွားခဲ့သည့် အပြန်အလှန်ပစ်ခတ်မှုများ

ဇန်နဝါရီလတွင် ဘယ်လ်ဂျီယံနိုင်ငံ ဗာဘိုက်ယာစ်မြို့တွင် ဘယ်လ်ဂျီယံရဲများနှင့် အကြမ်းဖက်သမားသုံးဦးတို့ အပြန်အလှန် သေနတ်ပစ်ခတ်မှုများဖြစ်ပွားစဉ် အကြမ်းဖက်သမားနှစ်ဦးသေဆုံးခဲ့ပြီး ကျန်တစ်ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။

ယင်းပစ်ခတ်မှုသည် ချာလီဟက်ဒို အကြမ်းဖက်မှုပြီးနောက် ဘယ်လ်ဂျီယံနိုင်ငံ တစ်ဝန်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်သမားများနှင့် ရဲများအကြား အပြန်အလှန် ပစ်ခတ်မှုများအနက် တစ်ခုဖြစ်သည်။

ရဲများလက်ရဖမ်းဆီးခဲ့သော အကြမ်းဖက်သမားနှင့်အပေါင်းအပါများသည်တိုက်ခိုက်ရေးဆင်နွှဲရန် ဆီးရီးယားနိုင်ငံသို့ထွက်ခွာသွားခဲ့သော ဘယ်လ်ဂျီယံနိုင်ငံသားများ ဖြစ်ကြသည်။

၎င်းတို့က ဆီးရီးယားနိုင်ငံမှ ဥရောပသို့ပြန်လည်ရောက်ရှိခဲ့ပြီး ဘယ်လ်ဂျီယံနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်ရန် စီမံမှုများလုပ်ဆောင်နေခဲ့သည်။ ဘယ်လ်ဂျီယံရဲများက ၎င်းတို့အား မျက်ခြည်မပျက်အနီးကပ် စောင့်ကြည့်နေခဲ့ကြောင်း ဘယ်လ်ဂျီယံဖက်ဒရယ် အစိုးရရှေ့နေရုံးက ဆိုသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဗာဘိုက်ယာစ်မြို့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည့် အကြမ်းဖက်သမားများ၏ အဓိကခိုအောင်းသည့် နေရာမှာ ဘယ်လ်ဂျီယံနိုင်ငံ၏ မြူနီစီပယ်မြို့ မိုလန်ဘိခ်ဖြစ်သည်ဟု မိုလန်ဘိခ်မြို့တော်ဝန်က ဆိုသည်။

ဘယ်လ်ဂျီယံနိုင်ငံမြို့တော် ဘရပ်ဆဲလ်ရှိ ဂျူးပြတိုက် အကြမ်းဖက်ခံရမှု

၂၀၁၄ ခုနှစ် မေလက ဘရပ်ဆဲလ်မြို့ရှိ ဂျူးပြတိုက်အကြမ်းဖက်ခံရမှုတွင် ပြင်သစ်နိုင်ငံသား မက်ဒီနမ်မိုချီ က လူလေးဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။ ၎င်းသည် မိုလန်ဘိခ်မြို့မှ သေနတ်များ ဝယ်ယူခဲ့ခြင်း ဖြစ်နိုင်ဖွယ်ရှိသည်။

အဆိုပါအကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီးနောက် မက်ဒီသည် ဘရပ်ဆဲလ်မြို့မှ ပြင်သစ်နိုင်ငံရှိ မာဆေးမြို့သို့သွားရောက်စဉ် လုံခြုံရေးစစ်ဆေးမှုခံယူနေစဉ်အတွင်း သူ့အား ရဲများက လက်ရဖမ်းဆီးခဲ့သည်။

ဘရပ်ဆဲလ်မှ ပါရီမြို့သို့ပြေးဆွဲသည့် ရထားပေါ်တွင် ကြိုးပမ်းခဲ့သော အကြမ်းဖက်မှု

ပြီးခဲ့သည့်သြဂုတ်လက ဘယ်လ်ဂျီယံမြို့တော် ဘရပ်ဆဲလ်မြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ပြေးဆွဲသည့်ရထားပေါ်တွင် အကြမ်းဖက်ရန် ကြိုးပမ်းခဲ့သည့် အသက် (၂၆) နှစ်အရွယ် အာရောက် အယ်ခါဇာနီးသည် တစ်ချိန်က ဘယ်လ်ဂျီယံနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။

အာရောက်အယ်ခါဇာနီး သည် စပိန်၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံများတွင် နေထိုင်ခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသွားသည်ဟု ဥရောပတာဝန်ရှိသူများက ဆိုသည်။

ဘယ်လ်ဂျီယံနိုင်ငံအတွင်း တိုက်ခိုက်ရေးသမားများ စုဆောင်းနေသော အကြမ်းဖက်အဖွဲ့အစည်းတစ်ခု

ဘယ်လ်ဂျီယံနိုင်ငံတွင် ရှိရိရာ-၄ ဘယ်လ်ဂျီယံအဖွဲ့သည် အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအတွက် အလွန်အရေးပါသည့်အဖွဲ့တစ်ဖွဲ့ဖြစ်လာခဲ့သည်ဟု အာဏာပိုင်များက ဆိုသည်။ အစ္စလာမ္မစ်အယူဝါဒ ပြန့်နှံ့ရေးအတွက် ယင်းအဖွဲ့ကို ၂၀၁၀ ခုနှစ်တွင် ထူထောင်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ဆီးရီးယားနိုင်ငံအတွက် တိုက်ခိုက်ရေးသမားများ စုဆောင်းသည့် အဖွဲ့တစ်ဖွဲ့ ဖြစ်လာခဲ့သည်။

အဆိုပါအဖွဲ့ကို အသက် (၃၂) အရွယ် ဖိုးရက်ဒ်ဘက်ကာဆန်က ဦးဆောင်ခဲ့သည်။ သူ၏ခေါင်းဆောင်မှုအောက်တွင် ဘယ်လ်ဂျီယံနိုင်ငံသား အဖွဲ့ဝင်များက ပြီးခဲ့သော စက်တင်ဘာ ၁၁ ရက်တွင် အမေရိကန်အလံများကို မီးရှို့ကာ အမေရိကန်အစိုးရအား ဆန့်ကျင်သည့် လုပ်ရပ်ကို ပြုသခဲ့သည်။ ဖိုးရက်ဒ်နှင့် သူ၏ အပေါင်းအပါ ၄၀ တို့သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အကြမ်းဖက်အဖွဲ့ အစည်းတစ်ခုအဖြစ် ၎င်းတို့အား တရားရုံးတစ်ခုက စွဲချက်တင်ထားခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီလတွင် ယင်းတရားရုံးက ဖိုးရက်ဒ်ဦးဆောင်သည့် ရှိရိရာ-၄ ဘယ်လ်ဂျီယံ အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းတစ်ခု အဖြစ် သတ်မှတ်ခဲ့သည်။

အချုပ်အခြာအာဏာ ဂုဏ်ဒြပ်

လှထွင့်ဦး

ဂျာအေးကို သူ့အမေရိုက်လို့
မှောင်မိုက်မှာငို။
ကိုလူပျို ထရံပေါက်က
ခြေထောက်ကိုဆွဲ တွဲလဲ။
တွဲလဲရယ် နေပါဦး
မိုးတောင်ကချုန်း၊
မုန့်လုံး။
မုန့်လုံးကို စက္ကူကပ်
ကြာကလပ်နဲ့ ဆွမ်းတော်တင်။
ပလွင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့ပြေး။
ဂျာအေး. . . ။

သူငယ်တန်းကလေးဘဝအရွယ်က "ဂျာအေး" ကဗျာကို ရွာကျောင်းမှာ သင်ယူရွတ်ဆိုခဲ့ဖူးသည်။ ဂျာအေးရယ်၊ ကိုလူပျိုရယ်၊ မုန့်လုံးရယ်၊ ကြာကလပ်ရယ်၊ ပလွင်ရယ်၊ မျောက်ကလေးရယ် ကဗျာသရုပ်ဖော်ပုံဆေးရောင်စုံမှာ မြင်ဖူးခဲ့ရသည်။ အဲဒီအချိန်ကတည်းက ပလွင်ဆိုတဲ့အမည်ကိုသိရသည်။ ဂျာအေးက ဆံရစ်ပိုင်းလေးနဲ့မို့ အခုထိမှတ်မိနေသည်။ မျောက်ကလေးကိုလည်း မှတ်မိနေသည်။ ဒါပေမယ့်ထရံပေါက်ကဂျာအေးရဲ့ ခြေထောက်ကို လှမ်းဆွဲတဲ့ ကိုလူပျိုကိုတော့မမှတ်မိတော့။

ငယ်ဘဝရဲ့အချိန်တွေ ကုန်မြန်လွန်းတာ အရွယ်ရောက်တဲ့အခါမှ သိသာလာရသည်။ ရွာကိုပြန်မရောက်တာကြာခဲ့ပြီ။ ၁၉၉၁ ခုနှစ် နိုင်ငံ့ဝန်ထမ်းဘဝမှာ ပန်းဆိုးတန်းလမ်းမကြီးရှိ အစိုးရရုံးတစ်ရုံးမှာ တာဝန်ထမ်းဆောင်ရသည်။ ရုံးသွား၊ ရုံးပြန် အဲဒီအချိန်က မပြောင်းရသေးတဲ့အမျိုးသားပြတိုက်ကြီးရှေ့က ဖြတ်ရသည်။ ပြတိုက်ဝင်ဝင်ချင်းမှာ သီဟာသနဟုခေါ်သည့် ပလွင်ကြီးက မြန်မာတို့၏ ထီးငွေ့၊ နန်းငွေ့တွေ ထင်ဟပ်နေဆဲခံစားရသည်။ ပလွင်ကြီးကိုကြည့်ပြီး ငယ်ငယ်တုန်းက ဂျာအေးကို သတိရမိသလို၊ ကဗျာထဲကပလွင်ကြီးနဲ့မတူတာတွေးမိရင်း မျောက်ကလေးက ပလွင်ပေါ် ဘယ်အချိန်ကရောက်နေလို့ ဆွမ်းတော်တင်မှ ကဆုန်ပေါက်ဆင်းပြေးသွားတာလဲဆိုတာ အဲဒီအရွယ်တုန်းက တစ်ယောက်တည်း စဉ်းစားရင်းရင်ထဲမှာပြုံးမိသည်။

အခုတော့ ၁၉၉၅ ခုနှစ်ကတည်းက အမျိုးသားပြတိုက်ကြီးနဲ့အတူ သီဟာသနပလွင်ကြီးလည်း ရန်ကုန်မြို့ ပြည်လမ်းကို ပြောင်းရွှေ့ခဲ့ပြီ။ အဆိုပါပလွင်ကြီးကို မြန်မာပြည်၏နောက်ဆုံးဘုရင် သီပေါမင်း ထိုင်တော်မူခဲ့သည်။ နယ်ချဲ့ပြိတိသျှများ နန်းမချမီ ၁၈၈၅ ခုနှစ်အထိဖြစ်သည်။

ရှေးမြန်မာမင်းများအနက် ခရစ်နှစ် ၁၇၈၂ ခုနှစ်၌ နန်းတက်သော ပဒုံမင်းလက်ထက်တွင် နန်းတော်၌ ပလွင်ရှစ်မျိုးရှိပြီး အရေအတွက်အားဖြင့် ကိုးလုံးရှိခဲ့သည်။ ခြသ့ေ်ရုပ်ခံ၊ ပိတုန်းရုပ်ခံ၊ ဆင်ရုပ်ခံ၊ ဥဒေါင်းရုပ်ခံ၊ သမင်ရုပ်ခံ၊ ခရုသင်းရုပ်ခံ၊ ဟယ်ဘဲရုပ်ခံနှင့် ပဒုမ္မာကြာပွင့်ရုပ်ခံဆိုပြီး ရှစ်မျိုးရှိရာတွင် သီဟာသနခေါ် ခြသ့ေ်ရုပ်ခံပလွင်က နှစ်လုံးရှိကြောင်းလေ့လာမှတ်သားဖူးသည်။ တစ်လုံးကို မြန်နန်းပြာသာဒ်ဆောင်တွင်ထားရှိပြီး ကျန်တစ်လုံးကိုတော့ တရားလွှတ်တော် အဆောက်အအုံမှာထားသည်ဟု ဆိုပါသည်။ ကျန်ပလွင်တစ်မျိုးစီကို သက်ဆိုင်ရာနန်းတော်ဆောင်အလိုက် နေရာချထားခဲ့သည်။ အမျိုးသားပြတိုက်ရှိ သီဟာသနပလွင်ကတော့ လွှတ်တော်အဆောက်အအုံမှာ ထားရှိခဲ့သည့်ပလွင်ဖြစ်သည်။ ရှေးခေတ်မြန်မာဘုရင်များသည် ပလွင်တော်ကို အချုပ်အခြာအာဏာ၏ သင်္ကေတအဖြစ်သတ်မှတ်သလို ဘုရင်မင်းတရားတို့၏ ဂုဏ်ဒြပ်တစ်ခုဟုဆိုရင်လည်းမှားမည်မဟုတ်။ အာဏာလုသည်ကို ပလွင်လုတယ်လို့ ဆိုရိုးစကားတင်စားရစ်တာ ဖတ်ဖူးသည်။ ရှင်ဘုရင် ကလွဲလို့ ဘယ်သူမှပလွင်ပေါ်ထိုင်ခွင့်မရှိတာလည်း မှတ်ဖူးသည်။ ရတနာပုံခေတ်တုန်းက မင်းတုန်းမင်းတရားကြီးနေမကောင်းလို့ အိမ်ရှေ့စံကနောင်မင်းသားက ဘုရင့်ကိုယ်စားတရားစီရင်ရသည်။ တရားလွှတ်တော်အတွင်းမှာ တရားစီရင်တဲ့အခါ ကနောင်မင်းသားက သီဟာသနပလွင်ပေါ် မထိုင်။ ဘေးကရပ်ပြီး ပလွင်ကိုလက်နဲ့သုံးသပ်ထိကိုင်ကာ တရားစီရင်သည်ဟုဆိုပါသည်။ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမလုပ်တဲ့ ကနောင်ကြီး ဆေးပေ့ါလိပ်ကြီးဖွာပြီး တရားစီရင်လေသလား၊ နှုတ်ခမ်းမွေးကို လက်ကလေးနဲ့ တယုတယပွတ်ကိုင်ပြီးတော့မျှား တရားစီရင်လေမလားမပြောတတ်။

မြန်မာမင်းတို့ ထီကျိုး၊ စည်ပေါက်ခဲ့တာ ၁၈၈၅ ခုနှစ်မှဖြစ်သည်။ ရွှေဗဟိုရဲစည်သံများမကြားရကြာခဲ့သော ကာလများဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြောင့်လိုလို၊ မီးလောင်ပျက်စီးသွားသလိုလိုနဲ့ မန္တလေးနန်းတော်မှာ

ရှိတဲ့ ပလွင်တွေလက်သည်မပေါ်ဘဲပျောက်ခဲ့ပြီး လွှတ်တော်အတွင်းက သီဟာသနပလွင်တော်သာ အာဏာ၊ ပါဝါရှင်ကိုမျှော်သလိုလို၊ နောက်ဆုံးထိုင်ခဲ့ဖူးတဲ့ အရှင်သီပေါနဲ့စုဖုရားလတ်ကိုပဲ လွမ်းသရောင်နဲ့ ငေါင်တောင်တောင် ကျန်ရစ်သည်။ ၁၈၁၆ ခုနှစ်မှာ ယမနေသားနဲ့ပြုလုပ်ပြီး ရွှေချထားတဲ့ ခြသ့ေ်ရုပ်ခံ သီဟာသနပလွင်။ တစ်ပိုင်းတစ်စီဖြုတ်ပြီး သေတ္တာကြီး ၃၃ လုံးနဲ့ထည့်၊ အက်(စ်)သာ အက်(စ်)ပန်ဒူးဝါးဆိုတဲ့ သင်္ဘောကြီးပေါ်တင်၊ အိန္ဒိယပြည်ကိုသယ်၊ ကာလကတ္တားမြို့မှာရှိတဲ့ အင်ဒီးယန်းပြတိုက်ကိုလည်းရောက်ရော ပြန်လည်ပြီးတစ်စစီတပ်ဆင်လို့ မြန်မာတွေရဲ့ဂုဏ်ဒြပ်၊ မြန်မာတို့ရဲ့အရှိန်အဝါတွေကို အမှောင်ချလိုက်တာ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့အထိဖြစ်တော့သည်။ သီဟာသနပလွင်တော်လည်း အိပ်ပျော်သွားခဲ့ပြီ။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အခါ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က မြန်မာတွေလွတ်လပ်ရေးရတာ သူတို့ရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ပိုင်ဆိုင်သွားတာဖြစ်တယ်ဟု သဘောထားကြီးရှာသည်။ အချုပ်အခြာအာဏာဂုဏ်ဒြပ်တွေကို ပြန်လည်ရရှိတဲ့ အထိမ်းအမှတ်လက်ဆောင်အဖြစ် ပလွင်ကြီးကိုပြန်လည်ပေးအပ်ခဲ့ရာ ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဧည့်ခန်းမဆောင်မှာ ထားရှိခဲ့သည်ဟုဆိုပါသည်။ နိုင်ငံ့ဦးဌေးရှင်၊ နိုင်ငံတော်သမ္မတတွင် အချုပ်အခြာအာဏာအပ်နှင်းထားသည့် သင်္ကေတတစ်ခုဟုဆိုလေမလား။ ၁၉၅၄ ခုနှစ်တွင် သီဟာသနပလွင်တော်ကို သမ္မတအိမ်တော်မှတစ်ဆင့် ဂျူဘလီခန်းမ အမျိုးသားပြတိုက်တွင်လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ပန်းဆိုးတန်း အမျိုးသားပြတိုက်သို့ လည်းကောင်း အများပြည်သူကြည့်ရှုနိုင်ရန် ရွှေ့ပြောင်းပြသခဲ့သည်။ ယခုပြည်လမ်းရှိ အမျိုးသားပြတိုက်ကြီးသို့ သီဟာသနပလွင်ကြီးရောက်သည့်နောက်ပိုင်း လမ်းမကြုံတာနဲ့ဝင်ရောက်မကြည့်ရှုဖြစ်တော့။ အစိုးရအမှုထမ်းအဖြစ် ၁၉၈၆ ခုနှစ်မှာ တစ်နေ့တည်း၊ တစ်ချိန်တည်း ဝင်ရောက်ခဲ့တဲ့သူငယ်ချင်းတွေလည်း သီဟာသနပလွင်ကြီးနဲ့အကြောင်းပါလို့ အမျိုးသားပြတိုက်မှာကြီးမားတဲ့တာဝန်တွေ ထမ်းဆောင်သူ၊ ပျားဘုရင်မတွေကို သံယောဇဉ် ငြိတွယ်ပြီး ပျားမွေးမြူရေးအရာရှိကြီးတွေဖြစ်နေသူ၊ လုပ်ငန်းရှင်ကြီးတွေဖြစ်သွားသူစသည် . . . စသည်ဖြင့် ဘဝရေစီးကြောင်းအပြောင်းအလဲ အမျိုးမျိုးတွင် စီးမျှောလျက်ရှိကြပြီး ထို့အတူ နိုင်ငံတော်၏ ပုံရိပ်များသည်လည်း လှိုင်းကြီးလိုက်၊ လေထန်လိုက်၊ လသာလိုက်၊ မှောင်မိုက်လိုက်၊ နေရောင်ခြည်တွေ ဖြာထွက်လိုက်၊ ငြိမ်သက်သွားလိုက်နှင့် မျိုးစုံသောအပြောင်းအလဲများတွင် စီးမျှောဖြတ်သန်းလာခဲ့ရသည်ဟု ဆိုချင်သည်။ ပွင့်လင်းမြင်သာသော ခေတ်ဟုဆိုလာသည့် ၂၀၁၀ ပြည့်နှစ် အစိုးရသစ်ကာလရောက်ခဲ့ပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို လက်ခနဲမြင်လိုက်ရသလို သီဟာသနပလွင်ပုံတူပွားတစ်ခု မီဒီယာစာမျက်နှာတွေ၊ ရုပ်သံဖန်သားပြင်တွေမှာ မြင်လာမိသည်။ သမ္မတအိမ်တော်ဧည့်ခန်းမ ဆောင်မှာဖြစ်ပါသည်။ မင်း၊ သမ္မတတစ်ဦး၏ ဂုဏ်ကျက်သရေက သီဟာသနပလွင်နဲ့အတူ ခံ့ညားစွာတွေ့တွေ့နေရပြီ။ ရွှေရောင်အဆင်းနဲ့ ထည်ဝါနေသည့် အချုပ်အခြာအာဏာရဲ့သင်္ကေတ သီဟာသနပလွင်တော်ရဲ့ရှေ့မှာ နိုင်ငံတော်သမ္မတက နိုင်ငံတကာအကြီးအကဲများနှင့် တွေ့ဆုံစကားပြောတာမြင်ရသည်။ အမေရိကန်က မစ္စဟီလာရီကလင်တန်လည်း သီဟာသနပလွင်အရိပ်မှာ ထိုင်ဖူးသည်။ အိုဘားမားလည်း ထိုင်ဖူးသည်။ ဘန်ကီမွန်းလည်း ထိုင်ဖူးသည်။ သမ္မတအိမ်တော်ဧည့်ခန်းမရှိ သီဟာသနပလွင်ကြီးကို မြန်မာမင်း သမ္မတ၏ အရှိန်အဝါဂုဏ်ဒြပ်အဖြစ်၊ အချုပ်အခြာအာဏာ၏ ပုံရိပ်အဖြစ်မြင်မိသည်။

တတိယအရွယ်ရောက်လာပြီး သီဟာသနပလွင်ကြီးကို ရွှေရောင်တဝင်းဝင်းနဲ့မြင်မိတိုင်း သူငယ်တန်းအရွယ်က ဂျာအေးကိုလည်းသတိရသည်။ ကိုလူပျိုလည်းဘယ်အရွယ်ရှိပြီမသိ။ ပလွင်နဲ့မျောက်ကလေးကိုလည်း သတိရသည်။ မုန့်လုံးကိုလည်း စားချင်လာသည်။ ပြီးတော့ ဂျာအေးကိုဘာကြောင့် သူ့အမေရိုက်လို့ မှောင်မိုက်မှာငိုနေတာလဲ၊ ဘယ်အချိန်မှာလဲ တောင်တွေးမြောက်တွေး တွေးရင်းပြုံးမိသည်။ ဒါပေမယ့်ဂျာအေး၏ ဂုဏ်ဒြပ်ကိုတော့ ထိခိုက်အောင်မစဉ်းစားဘူးပါ။ လူတိုင်းလူတိုင်း အရွယ်သုံးပါးမရွေး၊ ကိုယ်ပိုင်ဂုဏ်ဒြပ်တွေ တစ်စုံတစ်ရာကြောင့် မှေးမှိန်မသွားစေချင်သည်မှာ ရင်ထဲကဆန္ဒဆိုတာတော့ သေချာသည်။ ။

မြောင်းမြမြို့နယ်တွင် ကျေးရွာအလှုပ္ပဲမှ အစာစားခဲ့သည့်ကလေးငယ်များ မူးဝေအော့အန်ပြီး ဆေးရုံရောက်

မြောင်းမြ နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး သဇင်ကုန်းကြီးကျေးရွာအုပ်စု မြောင်းမြမြို့နယ် မဒမ-လင်းဒိုင်း ကျေးရွာတွင် ကျေးရွာကထိန်အလှုပ္ပဲမှ ကျွေးမွေးဧည့်ခံမှုကို စားသောက်ခဲ့ကြသော ကလေးငယ်များ မူးဝေအော့အန်ကာ ဝမ်းသွားမှုဖြစ်ကြပြီး နိုဝင်ဘာ ၁၆ ရက်

ညနေက မြောင်းမြပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ ဆေးကုသခံယူလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ကျောင်းက ကလေးတွေ ဘုန်းတော်ကြီးကျောင်းကို ကထိန်ပဒေသာပင် ပို့ရတယ်။ အဲဒီက ဧည့်ခံကျွေးမွေးတာကိုစားခဲ့ကြတာ။ ခေါက်ဆွဲကြော်ပါ။ ဝက်သား၊ ဂေါ်ဖီ၊ အသားတုတွေ ပါပါတယ်။ ဂေါ်ဖီဟင်းချိုပေါ့။ကလေးတွေက မြို့ကလာရောင်းတဲ့ ရေခဲချောင်းတွေလည်း စားကြသေးတယ်။ အစားစုံသွားတာပါ" ဟု ကျေးရွာမူလတန်းပြ ဆရာမလေး ဒေါ်အေးအေးသင်းက ဆေးရုံတွင် တပည့်များကိုလာကြည့်ရင်းပြောပြသည်။

"နံနက် ၁၁ နာရီလောက်မှာ စားကြပြီး ညနေ ၃ နာရီလောက်မှာ မူးဝေအော့အန်တော့တာပဲ။ ဝမ်းလည်းသွားပါတယ်။ ကျွန်မသမီးနှစ်ယောက်နဲ့ မြေးနှစ်ယောက်လုံးဖြစ်တာ။ ဆေးရုံကိုချက်ချင်း ရွာကဒိန်းဒေါင်းနဲ့ လာတာပါ။ ဆရာ ဆရာမတွေလည်း ဝိုင်းပြီးဂရုစိုက်ကုသပေးလို့ အခုသက်သာလာပြီ။ ဒီညနေအိမ်ပြန်နိုင်ပြီပြောတယ်" ဟု လင်းဒိုင်းကျေးရွာနေ ကရင်အမျိုးသမီးကြီး ဂါ့နေကြာက ပြောသည်။

"အသက်(၁၂)နှစ်အောက် ကလေးတွေ အများစု ဖြစ်တာပါ။ အစာဓာတ်မတည့်မှုခေါ်မှာပါ။ အဲဒီက အစားအစာနမူနာကိုလည်း ရန်ကုန်မြို့ ဓာတုဗေဒဓာတ်ခွဲခန်းကို ပေးပို့ထားပါတယ်။ ဆေးရုံကိုရောက်လာတာနဲ့ လိုအပ်တဲ့ ဆေးထိုး၊ ဆေးပေးမှုတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ အစားအစာတွေကိုလည်း သန့်ရှင်းစွာပြင်ဆင်ပြီး လတ်လတ်ဆတ်ဆတ်နဲ့ ပူပူနွေးနွေး စားသောက်ကြဖို့ ပညာပေးပြောပြရပါတယ်" ဟု မြောင်းမြမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး ကလေးအထူးကုဆရာဝန်ကြီး ဒေါ်ရီရီခိုင်က ပြောသည်။

မြောင်းမြခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီးသို့ ဖြစ်စမှည အချိန်အထိ အတွင်းလူနာ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦးနှင့် ပြင်ပလူနာ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း လူနာ ၆၂ ဦးတို့ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံအုပ်ဒေါ်ဝါဝါယဉ်က ပြောသည်။

ယင်းသို့ အစာအဆိပ်သင့်မှုဖြစ်ပြီးနောက် မြို့နယ်ကျန်းမာရေးမှူး ဆရာဦးသန်းဌေးနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း အဆိုပါကျေးရွာသို့ သွားရောက်ကာ ကျေးရွာတွင်းရှိလူနာ ၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးကာ ရွာသူ ရွာသားများအား အစားအသောက်နှင့်ပတ်သက်၍ ပညာပေးဟောပြောခဲ့သည်။

အောင်မင်း (မြန်/ဆက်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရထားလမ်းသစ်များ ဖောက်လုပ်ခြင်းထက် လမ်းဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်းကို ဦးစားပေးဆောင်ရွက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၇

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပညာရေးနှင့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ မေးခွန်း ၄ ခုမေးမြန်းခြင်း၊ ဥပဒေကြမ်း နှစ်ခု တင်ပြခြင်းနှင့် လွှတ်တော်ကော်မတီ နှစ်ခု၏ အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်သည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းခွန်၏ **ဝေးလံခက်ခဲဒေသရှိ တိုင်းရင်းသားလူငယ်များကို အထိုက်အလျောက် အရည်အသွေးပြည့်မီသောဘွဲ့ရများ ဖြစ်စေချင်ပါသောကြောင့် အဝေးသင်တက္ကသိုလ်များကို အရည်အသွေးပြည့်ဝရေးအတွက် မည်သို့မြှင့်တင်ဆောင်ရွက်နေသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အဝေးသင်တက္ကသိုလ်များကို နိုင်ငံတကာ အဝေးသင်တက္ကသိုလ်များနည်းတူ အရည်အသွေး မြင့်မားရေးအတွက် သင်ကြားရေးအထောက်အကူပြု သင်ထောက်ကူပစ္စည်းများကို အရည်အသွေးမြင့်မားလာစေရန် ဆောင်ရွက်ခြင်း၊ လက်ရှိအကဲဖြတ်စနစ်ကို ပြန်လည်ဆန်းစစ်လေ့လာ၍ အားနည်းချက်များကို ပြုပြင်ခြင်း၊ သင်ကြားရေးဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ အဝေးသင် သင်ကြားရေးအခြေပြု အရည်အသွေး အာမခံစနစ်တစ်ခု ထူထောင်ရန် စီစဉ်ခြင်း၊ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းအင်အားများ တိုးချဲ့ခန့်ထားခြင်း၊

ဒုတိယဝန်ကြီး ဦးဟံစိန်။

ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းခြင်း၊ သင်တန်းအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဝေးသင် သင်ကြားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

နိုင်ငံ၏ အဝေးသင်ပညာရေးစနစ်တွင် ပညာရေးကိုဆုံးခန်းတိုင် တက်ရောက်သင်ကြားနိုင်ရေးအတွက် လမ်းဖွင့်ပေးထားပြီး အသက်အရွယ်၊ ကျား/မ၊ လူမျိုး စသည်တို့ ကန့်သတ်ထားမှု မရှိခြင်း၊ ဘွဲ့မရမချင်း သင်တန်းတက်ရောက်နိုင်ခွင့်ရှိခြင်းတို့ကို ဖန်တီးပေးထားပါကြောင်း၊ သင်ယူသူကိုယ်တိုင် ဇွဲ၊ လုံ့လ၊ ဝီရိယထား၍ အမှန်တကယ် ကြိုးစား သင်ယူရန် လိုအပ်ပါကြောင်း၊ ယခုအချိန်တွင် အဝေးသင်ပညာရေးစနစ်ကို နိုင်ငံတကာအဝေးသင်တက္ကသိုလ်များနည်းတူ အရည်အသွေးပြည့်မီစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ ရထားပို့ဆောင်ရေးများနှင့်ပတ်သက်၍ လာမည့် အနာဂတ်တွင် သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုဖြစ်စေရန် မည်သို့ စီမံထားရှိသည်နှင့် ယခု ၅ နှစ်တာ ကာလအတွင်း သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှု မရှိခြင်းအပေါ် မည်သို့သုံးသပ်သည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ဘဏ္ဍာငွေကျပ် ၁၀၂၇၁၃ ဒသမ ၁၆၄ သန်းဖြင့် လေယာဉ်ကွင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေယာဉ်ကွင်း ၃၃ ကွင်းတွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည့်အတွက် ၂၀၁၀ ခုနှစ်တွင် ပြည်တွင်းခရီးသည် ၂ ဒသမ ၃ သန်းနှင့် ပြည်ပခရီးသည် ၁ ဒသမ ၂ သန်း ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ပြည်တွင်းခရီးသည် ၄ ဒသမ ၄ သန်းနှင့် ပြည်ပခရီးသည် ၃ ဒသမ ၂ သန်းသို့ တိုးတက်ခဲ့ပါကြောင်း၊ နိုင်ငံပိုင်နှင့် အမျိုးသားပုဂ္ဂလိကလေကြောင်းလိုင်း အရေအတွက်အနေဖြင့် ၂၀၁၀ ခုနှစ်တွင် ၆ လိုင်းမှ ၂၀၁၄ ခုနှစ်တွင် ၁၀ လိုင်းအထိ တိုးတက်ခဲ့၍ နိုင်ငံတကာ လေကြောင်းလိုင်းအနေဖြင့် ၂၀၁၀ ခုနှစ်တွင် ၁၃ လိုင်းမှ ၂၀၁၄ ခုနှစ်တွင် ၂၃ လိုင်းအထိ တိုးတက်လျက်ရှိပါကြောင်း။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ၅ နှစ်တာ ကာလအတွင်း ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ ရေယာဉ်များနိုင်ငံခြားမှ ဝယ်ယူတင်သွင်းမှုတို့ကြောင့် နှစ်အလိုက် မှတ်ပုံတင်ထားသည့် ရေယာဉ်နှင့် သင်္ဘောအရေအတွက်မှာ ၂၀၁၀ ခုနှစ်တွင် ၃၆၅၈ စင်းရှိပြီး ၂၀၁၅ ခုနှစ်တွင် ၄၉၂၂ စင်း ရှိသဖြင့် ၃၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း။

ရထားပို့ဆောင်ရေး ကဏ္ဍတွင် ရထားလမ်းသစ်များ ဖောက်လုပ်ခြင်းထက် လမ်းဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်းကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး လမ်းပိုင်းများအလိုက် ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများကို အဓိကထားဆောင်ရွက်ခဲ့ပါကြောင်း၊ စက်ခေါင်းနှင့် တွဲများ ဝယ်ယူဖြည့်တင်းခြင်းကို ၂၀၁၀ -၂၀၁၂ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ အိန္ဒိယနိုင်ငံချေးငွေဖြင့် ဒီဇယ်စက်ခေါင်း ၂၀၊ လူစီးတွဲ ၂၀၊ ကုန်တွဲ ၂၅၀ ကိုလည်းကောင်း၊ တရုတ်နိုင်ငံချေးငွေဖြင့် ဒီဇယ်စက်ခေါင်း ၂၂ ခေါင်း၊ လူစီးတွဲ ၆၀ တွဲကိုလည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် RBE ရထား ၅၇စင်းကို လည်းကောင်း ဝယ်ယူဖြည့်တင်းခဲ့ပါကြောင်း။

ပြည်တွင်း၌ လူစီးတွဲများ တည်ဆောက်ခြင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ ရိုးရိုးတန်း လူစီးတွဲသစ် ၁၄၈ တွဲ၊ လူစီးဘရိတ်တွဲ ၂၀ စုစုပေါင်း ၁၆၈ တွဲနှင့် စားသောက်တွဲ နှစ်တွဲတို့ကို တည်

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး။

ဆောက်ခဲ့ပြီး နှစ်စဉ်လူစီးတွဲသစ် ၅၀ တည်ဆောက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စက်ခေါင်းနှင့် တွဲများ ပြင်ဆင်မွမ်းမံခြင်းအနေဖြင့် နှစ်စဉ် ဒီဇယ်စက်ခေါင်း အကြီးတန်းပြင်ဆင်ခြင်း ခေါင်း ၄၀၊ အလတ်တန်းပြင်ဆင်ခြင်း ခေါင်း ၄၀၊ လူစီးတွဲအကြီးတန်း ပြင်ဆင်ခြင်း ၅၀၄ တွဲ၊ အလတ်တန်းပြင်ဆင်ခြင်း ၅၁၄ တွဲ၊ ကုန်တွဲအကြီးတန်း ပြင်ဆင်ခြင်း ၁၀၅၂ တွဲ၊ အလတ်တန်း ပြင်ဆင်ခြင်း ၁၁၆၆ တွဲတို့ကို ပြင်ဆင်မွမ်းမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၁၃၁ချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက် ၅၂ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ကယားပြည်နယ် ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်က ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် ပြည်သူ့လွှတ်တော် တရား ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ပိုးသတ်ဆေး၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး၊ အခကြေးငွေပေးရေး ဥပဒေကြမ်းများ ဖတ်ကြားတင်သွင်း

နေပြည်တော် နိုဝင်ဘာ ၁၇

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို တင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးမျိုးမြင့်က ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဘဏ်စိုးက သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းနိုင်ရှိန်က အောင်ဘာလေထီဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယုက စက်မှုလုပ်ငန်း ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးဟာရှိန်းဘွေက လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးမောင်အေးထွန်းက အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းမောင်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကိုလည်းကောင်း အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းများအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းနိုင်ရှိန်။

ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းမောင်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပိုးသတ်ဆေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်က ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဟာရှိန်းဘွေက ပိုးသတ်ဆေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့်က အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်က ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထင်အောင်က ၂၀၁၅ ခုနှစ် ဆိုင်မျှားနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က **စာမျက်နှာ ၈ ကော်လံ ၄ သို့**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (မြဝတီ)

● ရှေ့ဖုံးမှ

တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ မတူညီသည့် ဝိဝါဒသဘောထားများကို ပြေလည်အောင် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်သည် ခက်ခဲသည်ဆိုသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ အဆိုပါ အခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်ရေး အဘက်ဘက်မှ ညှိနှိုင်းပြီး လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

JICM ၏ အောက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC)အဖွဲ့များ ဖွဲ့စည်းထားပါကြောင်း၊ JMC အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အကောင်အထည်ဖော်နိုင်အောင် ဖွဲ့စည်းထားပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်သွားရေးအတွက် ဖွဲ့စည်းထားသည့် UPDJC အနေဖြင့်လည်း ပါဝင်ရမည့်ပုဂ္ဂိုလ်များအရေအတွက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်စသည်တို့ကို စနစ်တကျ သတ်မှတ်ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ JMC ကြောင့် ယနေ့အထိ လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် အဆိုပါဒေသများတွင် ပဋိပက္ခဖြစ်ပွားမှု မရှိသည်ကို ကြားရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဆက်လက်ပြီး ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အနေဖြင့် JMC ၏ အကောင်အထည်ဖော်မှုကို ကြိုးစားလုပ်ဆောင်ပြီး ခိုင်မာသည့် အုတ်မြစ်ကောင်းများ ချမှတ်သွားမည်ဖြစ်ပါကြောင်း။

NCA လက်မှတ်ရေးထိုးပြီးသည့် အချိန်မှစပြီး ရက်ပေါင်းမည်မျှတွင် နိုင်ငံရေး မူဘောင်ကိုသွားရမည်၊ ရက်ပေါင်းမည်မျှတွင် နိုင်ငံရေးဆွေးနွေးပွဲများကို သွားရမည်ဆိုသည်ကို အားလုံးသဘောတူညီပြီးဖြစ်သည့်အတွက် ဆက်လက် အကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သို့သော်လည်း ပြောင်းလဲလာသည့် နိုင်ငံရေးအခြေအနေအရ အချိန်နည်းပါးပါကြောင်း၊ သို့သော်လည်း နိုင်ငံရေးဖြစ်စဉ်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား မည်သည့် အစိုးရတက်သည်ဖြစ်စေ ဆက်လက်ပြီး တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုဝင်ဘာ ၁၅ ရက်က နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီ (၆၈)ပါတီ တွေ့ဆုံပွဲတွင် မိမိတို့အစိုးရအနေဖြင့် ကတိကဝတ်ပြုထားသည့်အတိုင်း အသစ်ဖြစ်ပေါ်လာမည့် အစိုးရအဖွဲ့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဏာလွှဲပြောင်းပေးမည် ဆိုသည်ကို ရှင်းပြခဲ့ပြီးဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်သည့်နေရာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိစ္စနှင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်အောင် ဆောင်ရွက်မည့်ကိစ္စများအား ခိုင်မာသည့် အခြေခံအုတ်မြစ်များချပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့်လည်း ခိုင်မာသည့် အုတ်မြစ်များ ချမှတ်ပေးနိုင်ရေး ပူးပေါင်းညှိနှိုင်း ဆွေးနွေးသွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက နှုတ်ခွန်းဆက်ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက မိမိတို့အစိုးရအနေဖြင့် ကျန်ရှိသည့် သက်တမ်းကာလအတွင်း NCA ၏ သဘောတူညီချက်များအတိုင်း အပြည့်အဝအကောင်အထည်ဖော်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး နောင်တက်လာမည့်အစိုးရအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် အခြေခံအုတ်မြစ်များကို ခိုင်ခိုင်မာမာချသွားမည်ဖြစ်ကြောင်း။

JMC အနေဖြင့် Code of Conduct ကို ရေးဆွဲခဲ့ပြီး JMC အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်မှုများကိုလည်း အပြီးသတ်နေပြီဟု သိရှိရပါကြောင်း၊ ထို့ကြောင့် JMC လုပ်ငန်းစဉ်များ မကြာမီစတင်နိုင်မည်ဟုမျှော်လင့်ပါကြောင်း၊ JMC လုပ်ငန်းများကို အစိုးရအပြောင်းအလဲတွင်လည်း ယခုအတိုင်း ဆက်ရှိသွားမည်ဖြစ်ပါကြောင်း။

UPDJC အနေဖြင့် နိုင်ငံရေးပါတီများပါဝင်ရေးကိစ္စ၊ NCA ကို အခြေခံပြီးဆောင်ရွက်ရမည့် နိုင်ငံရေးဆွေးနွေးပွဲကိစ္စရပ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်အချိန်မီ ပေါ်ပေါက်လာရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ သို့မှသာ NCA Timeline အတိုင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မတိုင်မီ မူဘောင်ဆိုင်ရာ ဆွေးနွေးပွဲများ စတင်နိုင်မည်ဖြစ်ပါကြောင်း၊ NCA ကတိကဝတ်များအတိုင်း ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မတိုင်မီ ပထမဆုံးအကြိမ် ပါဝင်သင့်သူများပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို စတင်နိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် နာယကဦးခွန်ဥက္ကာ က နှုတ်ခွန်းဆက် ပြောကြားသည်။

ယင်းနောက် ပထမအကြိမ် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုအခြေအနေ၊ ဒုတိယအကြိမ် JICM အစည်းအဝေးမှ ဆက်လက် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အဆုံးအဖြတ်ပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်မင်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ၌ ဖြစ်ပွား ခဲ့သော အ ကြမ်း ဖက် တိုက်ခိုက်မှုတွင် သေဆုံးဒဏ်ရာ ရရှိခဲ့သည့် ပြည်သူများ အတွက် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံး၌ ဖွင့်လှစ်ထား ရှိ သော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်း နိုဝင်ဘာ ၁၇ ရက်က လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟောင်း H.E. Helmu Schmitt ကွယ်လွန်ခြင်း အတွက် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ သံရုံး၌ ဖွင့်လှစ်ထားရှိ သော ဝမ်းနည်းခြင်း အထိမ်းအမှတ် စာအုပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးအောင်လင်း နိုဝင်ဘာ ၁၇ ရက်က လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

❁ အမျိုးသားလွှတ်တော်မှ

ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော်ကထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းတင့်အောင်က အဆိုပါဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကိုဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်ဦးနုက ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်စိုးက ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အခကြေးငွေပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကိုက ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းမောင်က အခကြေးငွေပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

■ ဒလတံတားမှ

သံအမတ်ကြီး Mr, Lee Duk-Hoon တို့ လည်းတက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးကျော်လွင်က ရန်ကုန်မြစ်ကိုဖြတ်ကျော်တည်ဆောက်မည့် ကြိုးတံတားအမျိုးအစား ဒလတံတားပြီးစီးပါကရန်ကုန် မြို့ မြို့တွင်းလမ်းမှ အဝေးပြေးလမ်းမကြီးအမှတ်(၁) နှင့်ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်းနှင့် ဒလဖွံ့ဖြိုးမှုကိုသိသိသာသာ အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ပြောကြားသွားသည်။

ဒလတံတားသည် အရှည် ၂၂၄၃ မီတာ၊ အမြင့် ၄စမီတာနှင့် ခန်းဖွင့် ၂၄၃ မီတာအကျယ်ရှိမည်ဖြစ်၍ မြန်မာပြည်၏ အရှည်ဆုံးတံတားစာရင်းဝင်သွားမည်ဖြစ်သည်။

ထို့အပြင် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ(eDCF) ချေးငွေအမေရိကန်ဒေါ်လာ ၄၅ သန်းဖြင့် လေအေးပေးစက်ပါ အထက်တန်း လူစီးတွဲသစ် တွဲ၂၀၊ လေအေးပေးစက်မပါအထက်တန်းတွဲသစ် ၂၀ နှင့်ရိုးရိုးတန်းလူစီးတွဲသစ် ၆၀ စုစုပေါင်းလူစီးတွဲသစ် ၁၀၀ ဝယ်ယူရန်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အုတ်တွင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ နည်းပြအရာရှိများ၊ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အုတ်တွင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ နည်းပြအရာရှိများနှင့် သင်တန်းသားများအား နယ်မြေခံတပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းရှိ တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်းရေလေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ သင်တန်းသားများအတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

တွေ့ဆုံပွဲမတိုင်မီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကေတုမတီတောင်ဝူမြို့ရှိ မြို့ကျုံးသို့ သွားရောက်ရာ တိုင်းမှူးက မြို့ကျုံးသန့်ရှင်းသာယာလှပရေးဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကေတုမတီတောင်ဝူမြို့သည် သက်တမ်းနှစ် ၅၀၀ ကျော်ကြာမြင့်ပြီဖြစ်၍ မြို့ကျုံးအား ပြန်လည်မွမ်းမံပြင်ဆင်သင့်ကြောင်း၊ ကေတုမတီတောင်ဝူမြို့ကျုံး ပြုပြင်မွမ်းမံခြင်းဖြင့် ရှေးဟောင်းမြန်မာ့အမွေအနှစ်ကို ထိန်းသိမ်းနိုင်ပြီး နိုင်ငံ့ဂုဏ်ကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မွမ်းမံပြင်ဆင်မှုများအတွက် တာဝန်ရှိသူများသည် မြို့မိမြို့ဖများနှင့် ပေါင်းစပ်ဆွေးနွေးညှိနှိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည်များ ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သမိုင်းမှတ်တမ်းများအရ တောင်ဝူမြို့ကျုံးပတ်လည်အရှည်သည် အရှေ့အနောက် တာ ၇၀၀၊ တောင်မြောက် တာ ၅၀၀ ခန့်ရှိပြီး လက်ရှိကျုံးအရှည်မှာ အရှေ့ဘက်တွင် ၆၉၉၁ ပေ၊ အနောက်ဘက်တွင် ၇၀၃၂ ပေ၊ တောင်ဘက်တွင် ၇၂၃၂ ပေနှင့် မြောက်ဘက်တွင် ၇၄၅၁ ပေရှိ၍ အနံပေ ၁၈၀၊ ဧရိယာအနေဖြင့် ၁၁၈ ဒသမ ၆၀ ဧကရှိသည်။

ထို့အပြင် ရှုခင်းသာယာလှပသည့် သံတောင်အပန်းဖြေစခန်းနှင့် မော်တော်ယာဉ်ဖြင့် တောင်ဝူမြို့မှ ၁ နာရီခွဲခန့်၊ ရန်ကုန်မြို့မှ ၄ နာရီခန့် အကွာအဝေးတွင်သာရှိသဖြင့် ပြန်လည်ပြုပြင်မွမ်းမံမည့် ကေတုမတီတောင်ဝူမြို့ကျုံးနှင့် သံတောင်အပန်းဖြေစခန်းတို့သည် နိုင်ငံခြားသားများအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်လာနိုင်ပြီး မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်စေရေး အထောက်အကူဖြစ်နိုင်ကြောင်း သိရှိရသည်။ **(မြဝတီ)**



✻ ကျောဖုံးမှ

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက မိုးညင်းမြို့ပတ်ဝန်းကျင်၌ နယ်မြေရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက မိုးညင်းမြို့အရှေ့တောင်ဘက် ၃ မိုင်ခန့်အကွာရှိ ပွိုင့်-၉၂၈ တောင်ကုန်းအား ရှင်းလင်းစဉ် ၎င်းတောင်ကုန်း၌ အခြေပြုနေသော KIAအဖွဲ့ဝင်အချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

ဆက်လက်၍ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ပွိုင့်-၉၂၈ တောင်ကုန်း မြောက်ဘက် မီတာ ၃၀၀ ခန့်၌ ထပ်မံတိုက်ပွဲဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်များတွင် အမ်(၂၅) သေနတ်တစ်လက်၊ ကျည်အိမ် လေးခု၊ ကျည်တောင့် ၂၀၀၊ အီနာဂါပုံးသီး ခြောက်လုံး၊ ပို့ကျည် ရှစ်တောင့်နှင့် တောင်ကုန်းပေါ်တွင် ဆောက်လုပ်ထားသော လူနေတဲ ခုနစ်လုံး၊ အိုဗာဟတ် နှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ အရာရှိနှင့် စစ်သည်တချို့ တိုင်းပြည်အတွက် အသက်ပေးလျှောခဲ့ပြီး စစ်သည်တချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ကုသမှုခံယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်တွင် ၎င်းတို့သည် အင်အားများ ထပ်မံပူးပေါင်း၍ တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်လာမှုကြောင့် မွန်းလွဲပိုင်းတွင် ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ တပ်မတော်(လေ)မှ ပစ်ကူပေးတိုက်ခိုက်ချေမှုန်းခဲ့ပြီး မိုးညင်းမြို့အနီးရှိ အမြောက်စခန်းများမှလည်း စတင်တိုက်ပွဲဖြစ်ပွားချိန်မှစ၍ အမြောက်များဖြင့် ပစ်ကူပေးတိုက်ခိုက်ခဲ့သည်။

တပ်မတော်အနေဖြင့် မိုးညင်းမြို့ရှိ ဒေသခံပြည်သူများ အေးချမ်းစွာဖြင့် သွားလာနေထိုင် လုပ်ကိုင်စားသောက်နေမှုအား နှောင့်ယှက်မှုများ ပြုလုပ်နေသည့် KIA အဖွဲ့ဝင်အချို့အား ဆက်လက်နယ်မြေရှင်းလင်းတိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❖ ရန်ကုန်မှ

ဖြစ်စဉ်မှာ အဆိုပါအဆောက်အအုံ၏ ၂၁ ထပ် နှင့် ၂၂ ကြားရှိ ထွန်းထားသည့် ဆလိုက်မီးမှာ သစ်သားငြမ်းပေါ်သို့ ပြုတ်ကျ၍ မီးပွားလွင့်စင်ထွက်ရာမှ အနီးရှိ အထပ်သားဟောင်းများပေါ်သို့ကျ၍ စတင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

"ဒီအဆောက်အအုံက ညဘက်အထိ အလုပ်လုပ်တဲ့လူတွေရှိတယ်။ အလုပ်သမားတွေပြန်မှ လောင်တာဖြစ်လိမ့်မယ်။ လှည့်ကင်းရဲကမြင်လို့ အကြောင်းကြားလိုက်တာလို့ သိရတယ်။ ကျွန်တော်တို့ရောက်တော့ မီးကတော်တော်များနေပြီ။ အပေါ်ဆုံးအထပ်က မီးပွားတွေ တောက်လျှောက်ကျနေတာ တွေ့ရတယ်။ ပတ်ဝန်းကျင်မှာ အိမ်တွေမရှိလို့ ကံကောင်းတယ်"ဟု မီးလောင်မှုအနီးရှိ ကိုမောင်က ပြောသည်။

အဆိုပါမီးလောင်ရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၉၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၉ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၆ ဦးတို့က မီးငြိမ်းသတ်ယာဉ် ၄၅ စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီး၊ ကွပ်ကဲမှုယာဉ် ခုနစ်စီး၊ တိုင်းကြက်ခြေနီမှ လူနာတင်ယာဉ် ၀ါးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၆ နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး ၆ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

"မီးလောင်လောင်ချင်း အလုပ်သမားတွေက မီးသတ်ဆေးဘူးတွေနဲ့ အရင်ငြိမ်းတယ်လို့ သိရတယ်။ ကျွန်တော်တို့ ရောက်လာတော့ မီးက တော်တော်များနေပြီ။ လေကလည်း တိုက်နေတယ်။ ဆောက်လုပ်ဆဲ အဆောက်အအုံလည်းဖြစ်၊ အထပ်လည်းမြင့်တော့ ငြိမ်းသတ်တဲ့အခါမှာ သတိထားပြီး လုပ်ခဲ့ရပါတယ်။ ရန်ကုန်မြို့ရဲ့ အထပ်အမြင့်ဆုံးနေရာမှာ မီးလောင်မှုကတော့ ဒါပထမဆုံးပါပဲ။ ထိခိုက်ဒဏ်ရာရရှိသူ မရှိပါဘူး"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးသော်တာက ပြောသည်။

ဆက်လက်၍ ၎င်းက "အဆောက်အအုံမြင့်တော့ အဆင့်မြင့်မီးသတ်ယာဉ်တွေနဲ့လည်း ငြိမ်းသတ်ခဲ့ရတယ်။ မီးလောင်ကျွမ်းမှုအခြေအနေပေါ်မှာ မူတည်ပြီး မီးငြိမ်းသတ်ယာဉ် စေလွှတ်မှုအပိုင်းကိုလည်း Level-3 အထိ စေလွှတ်ပြီး ငြိမ်းသတ်ခဲ့ရတယ်"ဟု ပြောသည်။

အဆိုပါ မီးလောင်မှုကြောင့် ကြမ်းခင်းရန်အတွက် ခင်းထားသော သစ်သားငြမ်းများနှင့် ငါးထပ်သားအဟောင်းများ မီးလောင်ကျွမ်းခဲ့ပြီး တန်ဖိုးငွေ စုစုပေါင်းကျပ် ၄၁ သိန်းခန့်ဆုံးရှုံးခဲ့သဖြင့် ကြီးကြပ်ရေးမှူး ကိုဇော်မင်းထွန်းအသက် ၃၂ နှစ်အား မရမ်းကုန်းမြို့နယ် မြို့မရဲစခန်းမှ (ပ)၅၄၈/၂၀၁၅/ပုဒ်မ-၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။

အနုပညာလက်ရာမြောက်ပန်းပုရုပ်တုများကို အမှတ်တရပစ္စည်းများနှင့် တွဲဖက်ရောင်းချ

မန္တလေး နိုဝင်ဘာ ၁၇

ဘုရားမတင် နတ်မဝင် လူတွင်ပန်း ၁၀ မျိုးဟု ဆိုထားခဲ့သည်။ မြန်မာနိုင်ငံတွင် အစဉ်အဆက် ပန်းပုပညာကို မြတ်နိုးစွာတန်ဖိုးထားတတ်ကြသည်။ရှေးအခါမှစ၍ ပုံတူပန်းပုများကို အမြတ်တနိုးထုဆစ်ခဲ့ကြသည်။ မြန်မာပန်းပု ဈေးကွက်တွင် ပုံတူလိုင်း၊ အရုပ်လိုင်း၊ ၃၇ မင်းလိုင်း၊ ဆင်လိုင်းနှင့် အခြားလိုင်းများစွာရှိသည်။ ထိုအထဲတွင် သဘာဝသစ်မြစ်စုံများ၊ အပင်သေခြောက်များကို စိတ်ကူးဉာဏ်ကွန့်ကာ သဘာဝကျကျထုဆစ်ထားသောပန်းပုမှာ မြင်ရသူတိုင်းကို စွဲမက် သဘောကျစေသည်အထိ လက်ရာမြောက်လှသည်။

မန္တလေးမြို့မှ ပန်းပုပညာရှင်များ လက်စွမ်းပြထားသည့်ပုံများကို နှစ်သက်သဘောကျသူ များပြားလျက်ရှိသည်။ သဘာဝပင်သေခြောက်သစ်သားကို အကြားအလပ်မရှိ ထုဆစ်ထားသော လက်ရာပင်ဖြစ်သည်။ ယခုအခါ သစ်မြစ်ဆုံများ သဘာဝပင်သေခြောက်များကို ပန်းပုလက်ရာစွမ်းဖြင့်ပေါင်းစပ်ကာ တန်ဖိုးမြင့်ရောင်းကုန်အဖြစ် ပြုလုပ်လာနိုင်သည်။ သဘာဝကျလှသောပုံများကို ပန်းပုဆရာ၏ စိတ်ကူးအတိုင်း စိတ်တိုင်းကျ ပုံဖော်ထားသည်။ ပိတောက်သားအကာနှင့် အနှစ်ပါမှုကို ခွဲခြားကာ မိဘမေတ္တာဘွဲ့များကို ထုဆစ်လာခဲ့သည်။

မြန်မာ့အနုပညာ လက်ရာမြောက်ပန်းပုအနုပညာ ပစ္စည်းများကို ထင်ရှားသည့်နေရာများတွင် အမှတ်တရလက်ဆောင် ပစ္စည်းများဖြင့် တွဲဖက်ရောင်းချကြပြီး ပန်းပုထည် အနုစိပ်မှု အကြီး၊ အသေးအလိုက် ဈေးနှုန်းအမျိုးမျိုး ရောင်းချလျက်ရှိသည်။ အများစုသော ခရီးသွားဧည့်သည်များမှာ မြန်မာ့အနုပညာ လက်ရာမြောက် ပန်းပုလက်ရာများနှင့် အတူ အနုပညာလက်ရာမြောက်ပန်းချီကားများကို အများစု စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

(တိမ်တမန်)

ကိုရီးယားနိုင်ငံတွင်ကျင်းပမည့် အာဆီယံကုန်သွယ်မှုပြပွဲ မြန်မာပါဝင်ပြသမည်

မန္တလေး နိုဝင်ဘာ ၁၇

ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် အာဆီယံကုန်သွယ်မှုပြပွဲသို့ ပါဝင်ပြသနိုင်ရန်ဖိတ်ခေါ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက သိရသည်။ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX အဆောက်အအုံတွင် နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်ထိ ကျင်းပမည့် အာဆီယံကုန်သွယ်မှုပြပွဲ ၂၀၁၅ သို့ တစ်နိုင်ငံလျှင် ကုမ္ပဏီလုပ်ငန်း ကိုးခုပါဝင်ပြသနိုင်ရန် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တစ်ဆင့်ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြပွဲတွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပင်လယ်စာ၊ ဂဏန်း၊ တူနာငါး၊ အဖျော်ယမကာ၊ ကော်ဖီနှင့် အခြားကုန်စည်များစွာပါဝင်ပြသကြမည်ဖြစ်ပြီး ပြပွဲသို့တက်ရောက်သည့် ကုမ္ပဏီတစ်ခုစီမှ လုပ်ငန်းရှင်တစ်ဦးစီအတွက် လေယာဉ်လက်မှတ်၊ တည်းခိုနေထိုင်စရိတ်များကို အာဆီယံ-ကိုရီးယားစင်တာမှ ကျခံပေးကြောင်း သိရသည်။

(၀၀၂)

မန္တလေးမြို့ အိမ်ရာများ အလှစိုက်ပန်းမျိုးစုံနှင့်အတူ လုပသောငါးပုံပန်းအိုးကလေးများကို တွဲဖက်ရောင်းချ

မန္တလေး နိုဝင်ဘာ ၁၇

မြို့ပြဒေသတိုက်ခန်းများနှင့် အိမ်ခန်းများ၏ ဝရံတာများတွင် စိတ်ကြည်လင်စေရန် အလှပန်းအိုးများစိုက်ပျိုးလေ့ရှိသည်။ သစ်ပင်ပန်းမန်များစိုက်ပျိုးကာ ယုယစွာပြုစုပျိုးထောင်ခြင်းသည် စိတ်ကိုပျော်ရွှင်စေပေသည်။မန္တလေးမြို့ပေါ်ရှိ ခြံဝိုင်းများ၊ တိုက်ခန်းများတွင် အလှစိုက်ပျိုးနိုင်ရန် ကျုံးမြောက်ဘက် ရတနာပုံ တိရစ္ဆာန်ဥယျာဉ်အနီးပျိုးပင်အရောင်းဆိုင်များက တွင်ကျယ်စွာ စိုက်ပျိုးရောင်းချပေးလျက်ရှိသည်။

လူသားတိုင်း သစ်တော၊ သစ်ပင်နှင့်ပန်းပင်မျိုးစုံကို ချစ်ခင်တတ်ကြပြီး သစ်ပင်ပန်းမန်မျိုးစုံ၊ ပန်းအိုးမျိုးစုံကို အမျိုးသမီးများက အများစုဝယ်ယူ၍ တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည်။ နှင်းဆီပင်များမှာ တန်ဖိုးနည်းအပင်ဟုခေါ်ဆိုနိုင်လောက်သည်အထိ ဈေးနှုန်းချိုသာလှသည်။ ယခုဝယ် ယခုစိုက်ကာ ပြုစုပေးရုံဖြင့် မကြာသောကာလတွင် ပန်းပွင့်ရောင်စုံကို မြင်တွေ့နိုင်သောအပင်ဖြစ်သည်။ အများစုသော နှင်းဆီပန်းပင်များတွင် နှင်းဆီဖူး၊ နှင်းဆီအပွင့်များပါနေသည့်အတွက် အမျိုးသမီးများပိုမိုနှစ်သက်ကြသည်။

နှင်းဆီပန်းနှင့်အတူ အခြားတန်ဖိုးနည်းပန်းမျိုးစုံကိုလည်း စိုက်ပျိုးရောင်းချကြသည်။ ပန်းများနှင့်အတူ ပန်းအိုးများကို တွဲဖက်ရောင်းချသည်။ ပန်းအိုးများမှာ အနုပညာမြောက်အောင်ပုံဖော်လေ့ရှိသည်။အနည်းဆုံး ငွေကျပ် တစ်ထောင်တန် ပန်းအိုးများမှသည် ခြောက်သောင်းတန်ပန်းအိုးများအထိ အရွယ်အစားနှင့် လက်ရာအပေါ်မူတည်ကာ ရောင်းချကြသည်။

လက်ရှိကာလတွင် ဇီးကွက်ပုံပန်းအိုးကလေးများနှင့်အတူ ငါးပုံပန်းအိုးကိုစိတ်ဝင်စားမှုများပြားလာသည်။ ငါးပုံပန်းအိုးကိုပန်းပျိုးခြံများတွင် အလှပြကာနမူနာအဖြစ် ထားပေးလေ့ရှိသည်။အချို့သောသူများမှာ အလှထားခြင်းကို ရိုးရိုးသာပြုလုပ်လေ့ရှိပြီး အများစုမှာ ခေတ်မီနည်းပညာဖြင့် ရေပန်းကလေးများ ပြုလုပ်ကြောင်းသိရသည်။

ရေပန်းကလေးများမှာ ငါးပါးစပ်အတွင်းမှ မှုတ်ထုတ်နေဟန်ပြုလုပ်ကြသည်။ လက်ရှိကာလတွင် ငါးပုံသဏ္ဌာန် ပန်းအိုးကလေးများကို စိတ်ဝင်စားမှုများပြားကြသည်။ ပုံသဏ္ဌာန်အစုံပန်းအိုးများနှင့်အတူ တန်ဖိုးနည်း အလှပန်းပင်မျိုးစုံမှာ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

(တိမ်တမန်)

မန္တလေးတွင် ရဲတပ်သားသစ်များအား စိတ်ပညာဆန်းစစ်

မန္တလေး နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုဆောင်းထားရှိသောရဲတပ်သားသစ်များအား တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့ရှိ တက္ကသိုလ်များတည်ရှိရာ စိတ်ပညာဌာနဆရာ ဆရာမများက စိတ်ပညာဆန်းစစ်မှုအား မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ကြီးမှူး၍ နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မန္တလေးပညာရေးကောလိပ်တွင် ကျင်းပခဲ့သည်။

အဆိုပါ စိတ်ပညာဆန်းစစ်မှုအား မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်၊ မန္တလေးတက္ကသိုလ် စိတ်ပညာဌာနပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းလှိုင်နှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုခဲ့ကြသည်။

စိတ်ပညာဆန်းစစ်မှု စာမေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အမှတ် (၁/၃) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးများ၊ မှူခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ စည်ပင်သာယာ ရဲတပ်ဖွဲ့ (မန္တလေး)တို့မှ စုဆောင်းထားရှိသော ရဲတပ်သားတစ် အမျိုးသား ၉၁ ဦး၊ အမျိုးသမီး ၁၈၀ စုစုပေါင်း ရဲတပ်သား သစ် ၂၇၁ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

❐

မန္တလေးမြို့ရှိ ရေကန်ကြီးများ

ပြုပြင်ထိန်းသိမ်းရန် ကတိပေး

မန္တလေး နိုဝင်ဘာ ၁၇

ရေကန်ကြီးများ ပြုပြင်ထိန်းသိမ်းရန် ကတိပေးခဲ့ကြောင်း ရေကန်ကြီးများ ပြုပြင်ထိန်းသိမ်းရေးနှင့် ရေရရှိရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ ပြောကြားခဲ့ကြောင်း ရေကန်ကြီးများ ပြုပြင်ထိန်းသိမ်းရေးနှင့် ရေရရှိရေးဦးစီးဌာန ရုံးချုပ်ရှေ့

အတွေး အရေး

မျဉ်းသေတွေကို ဖြတ်ဦးမှာလား

စံကားဝါ

မနေ့က တော်ဝင်စင်တာကအထွက် လမ်းလယ်က မျဉ်းသေကိုဖြတ်ပြီး ကားပြန်ကွေ့ခဲ့မိတယ်။ လွန်ခဲ့တဲ့တစ်နှစ်လောက်ကလည်း အဲဒီနားမှာပဲ မျဉ်းသေကို ဖြတ်ခဲ့လို့ ယာဉ်ထိန်းရဲတစ်ဦးက လမ်းစည်းကမ်းအရ ဒီလိုလုပ်လို့ မရဘူးဆိုတာကို ရည်ရည်မွန်မွန်ပြောပါတယ်။ ဒဏ်မရိုက်ခဲ့ဘဲ နောက်မလုပ်ဖို့ ပညာပေးရင်း ကားကိုဆက်မောင်းခွင့်ပြုခဲ့ဖူးတယ်။ အခုက ဒီလိုမဟုတ်ပြန်ပါဘူး။

မနေ့ကအဖြစ်ကတော့ စည်းကမ်းဖောက်ဖျက်မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိပါတယ်။ ဒီလမ်း ဒီခရီး ဘယ်လောက်မှ မဝေးတာကို အလွယ်လိုက်ခဲ့လို့ ဒဏ်ငွေဆောင်ရတော့မယ်လို့ တထစ်ချယုံထားပါတယ်။ ဒီနေရာမှာ အပြောင်းအလဲလို့ အကြီးအကျယ်အော်နေတဲ့ ခေတ်ယဉ်ကျေးမှုထဲမှာ ယာဉ်ထိန်းရဲနဲ့ ကျွန်မတို့ရဲ့ အပြောင်းအလဲ တစ်စွန်းတစ်စကို ရှာကြည့်မိခဲ့ပါတယ်။ ပြဿနာလို့ နဖူးတွေ့ ဒူးတွေ့ ရှိနေခဲ့ချိန်က ကျွန်မကိုယ်တိုင်လည်း ဒီလို လုပ်ဖြစ်လိမ့်မယ်လို့ မစဉ်းစားခဲ့ပါဘူး။ ပြောင်းလဲလိုစိတ်က ကျွန်မတို့ နိုင်ငံသားတွေရဲ့ စိတ်ထဲမှာ ဘယ်လောက်အထိ နေရာယူထားလဲဆိုတာကို ပြန်တွေးကြည့်ရုံသက်သက်ပါ။

ယာဉ်ထိန်းရဲက ရုရှားသံရုံးရှေ့ကွယ်ရာကနေထွက်လာပြီး လိုင်စင်စစ်ပါတယ်။ ဒီလိုဖြစ်စဉ်က ဒဏ်ငွေ သုံးသောင်းလောက်ဆောင်ရမယ်ဆိုပြီး ကျွန်မကို စပြောပါတယ်။ တစ်ကယ်တမ်းသူက ဒဏ်ငွေအတွက် ချလန်ဖြတ်ခဲ့ရင် ကျွန်မဘက်က ကိုယ့်ကိုယ်ကိုယ် မှတ်လောက်အောင်ပညာပေးပြီး တကယ် ဒဏ်ငွေဆောင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ယာဉ်ထိန်းက ငွေကြေးပမာဏတစ်ခုကို သူနဲ့ ညှိနှိုင်းနိုင်ကြောင်း အရိပ်အမြွှက်ပြခဲ့သလို ကျွန်မကလည်း ဒီလောက် ဒဏ်ငွေကိုမဆောင်ဘဲနဲ့ ခွင့်လွှတ်ပေးလို့ မရဘူးလားလို့ ပြောကြည့်မိပါတယ်။ တစ်ချိန်တုန်းကလို ဒဏ်ငွေကင်းလွတ်ခွင့်ရကောင်းစေလို့တွေးပြီး လုပ်မိတာ ဆိုရင် ကျွန်မအပြစ်နှစ်ခုကို တစ်ပြိုင်တည်းကျူးလွန်မိရက်သား ဖြစ်သွားပါပြီ။

ဆိုလိုချင်တာက တစ်ခါတလေမှာ ကျွန်မတို့ကိုယ်တိုင် ဥပဒေကို လက်တစ်လုံးခြားလုပ်မှန်းမသိ လုပ်မိသွားတယ်ဆိုတာပါပဲ။ စည်းကမ်းဖောက်ရင် ဒဏ်ငွေဆောင်ရမယ်ဆိုတာ သိသိကြီးနဲ့ ကျွန်မတို့ စည်းကမ်းဖောက်ကြတယ်။ ဒဏ်ငွေဆောင်ရတော့မယ်ဆိုရင်လည်း မျှတတဲ့ပြစ်ဒဏ်ကို ရှောင်လွှဲပြီး သက်သာရာသက်သာကြောင်းဖြစ်မယ့် လမ်းကြောင်းအတိုင်းလိုက်ရင်း လက်တစ်လုံးခြား လုပ်မိကြတယ်။

ကျွန်မဘက်က စမှားတဲ့အမှားကတော့ ယာဉ်ထိန်းရဲကို မတွေ့တာက စတာပါ။ လမ်းစည်းကမ်းအရ မျဉ်းသေမဖြတ်ဖို့ ကျွန်မနားလည်ပေမယ့် ရဲရှိမနေတာ၊ ဖြတ်ပြီးကွေ့လို့ရတဲ့ အခြေအနေပေးနေတာက အလွယ်လိုက်ပြီး စည်းကမ်းဖောက်ဖို့ဖြစ်လာတာပါ။ ရင့်ကျက်တဲ့ မြို့ကြီးသားတွေအနေနဲ့စိတ်ကွယ်ရာမှာတောင် ဥပဒေကို လေးစားလိုက်နာကြတယ်လို့ ကျွန်မနားလည်ထားသော်လည်း ကိုယ်တိုင်က မလိုက်နာခဲ့ပါဘူး။

အိမ်နီးချင်း ထိုင်းနိုင်ငံမှာတောင် ခုလိုအလေ့အထတွေနဲ့ အသားတကျ ဖြစ်နေခဲ့တာကို လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းက ကျွန်မသတိထားမိခဲ့ပါတယ်။ လူကူးမျဉ်းကျားမှာ ကားရပ်ပေးတာ၊ လူကူးမျဉ်းကျားကပဲ လူတွေကူးဖြတ်တာ၊ ရထားစီးရင် အဆင်းတစ်လမ်း၊ အတက်တစ်လမ်းဖြစ်အောင် ခရီးသည်တွေ ကိုယ်တိုင်သတ်မှတ်ပြီး တန်းစီကြတာ၊ ဒီလိုကောင်းမွန်တဲ့စနစ်တွေကို ကိုယ့်နိုင်ငံမှာ ဖြစ်စေချင်လိုက်တာလို့ တွေးခဲ့မိတဲ့ကိုယ်ဟာ ဒီနေ့ဒီအချိန်အထိ ဒီလို ဒီအလေ့အကျင့်တွေကို အန်တုနေဆဲပါလားဆိုတာ ဝမ်းနည်းစွာသုံးသပ်မိပါတယ်။

နောက်ဆုံးတော့ ဒီအဖြစ်အပျက်မှာ ကျွန်မက ယာဉ်ထိန်းရဲကို ငွေတစ်သောင်းထုတ်ပေးခဲ့ပြီး သူကလည်း ဘာချလန်မှမဖြတ်ဘဲ ငွေတစ်သောင်းကို စာအုပ်ကြားထဲ ညှပ်ပြီး ယူသွားခဲ့တယ်။ သူ့ရဲ့ ကိုယ်ပိုင်အမှတ်နဲ့ တာဝန်တွေကို ကျွန်မမှတ်မိပေမယ့် ဒီအဖြစ်အပျက်မှာ သူတစ်ယောက်တည်းအမှားတော့ မဟုတ်ခဲ့ပါဘူး။ ကျွန်မပြန်တွေးမိတော့ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံသလို သူရော လိပ်ပြာလုံပါ့မလားလို့ တွေးနေမိတယ်။ တစ်ကျပ်တစ်ပြားမှ မကုန်စေချင်ရင် အစကတည်းက လမ်းစည်းကမ်းလိုက်နာပေါ့ဆိုပြီး ကျွန်မဖေဖေ ပြန်ပြောတဲ့အချိန်မှာ ငွေတစ်သောင်းပေးခဲ့ရတဲ့ ကျွန်မ ပိုက်ဆံကုန်ရတာထက် ရှက်တဲ့စိတ်က ပိုနေခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီစာကို ကျွန်မရှက်တဲ့စိတ်နဲ့ ရေးပါတယ်။ ပြန်ဖတ်မိတိုင်း ရှက်နေဖို့နဲ့ နောက်ထပ်မရှက်ရအောင် ဆင်ခြင်နိုင်ဖို့ပါ။

သေချာတာက ဒီပွဲမှာ နိုင်ငံအတွက် အရေးအပါဆုံး သက်လတ်တန်းအရွယ် သုံးဆယ်ဝန်းကျင်လူရွယ်တွေဖြစ်တဲ့ ကျွန်မနဲ့ ယာဉ်ထိန်းရဲ နှစ်ဦးလုံးမပြောင်းလဲခဲ့ကြပါဘူး။ ပြောင်းလဲဖို့ အခြေအနေတွေမှာ ပြောင်းလဲနိုင်ဖို့ ကျွန်မတို့ နှစ်ဦးလုံး မကြိုးစားခဲ့ပါဘူး။ ကျွန်မတို့ခေတ်မှာ ပြောင်းလဲချင်ပြီ၊ ပြောင်းလဲချိန်တန်ပြီ၊ အပြောင်းအလဲကို ဘယ်လောက်လိုလားလှပါပြီ ပြောပြော ကိုယ်တိုင်က မပြောင်းလဲရင် ဘယ်တော့မှ မပြောင်းနိုင်ဘူးဆိုတဲ့ သင်ခန်းစာကို ကျွန်မ ကောင်းကောင်း သတိထားမိခဲ့ပါတယ်။

အပြောင်းအလဲဆိုတာ လက်တစ်လုံးခြား လုပ်လို့ရတဲ့အရာမဟုတ်ဘဲ အမှန်တကယ်ပြောင်းလဲဖို့ဆိုတာ ကိုယ်တိုင်ပြောင်းလဲမှ ရမယ်ဆိုတာပါပဲ။ ကိုယ်တိုင်ပြောင်းလဲကြမလား။ ဒါမှမဟုတ် ပြောင်းလဲခံကြမလား။ Change or Be Changed….. ကျွန်မတို့ ဘဝမှာ မျဉ်းသေဆိုတာ အမြဲရှိနေမှာဖြစ်သလို ဖြတ်မျဉ်းတွေလည်း အမြဲရှိနေမှာပါပဲ။ ဖြတ်မျဉ်းတွေကမဖြတ်ဘဲ လိုရာရောက်ဖို့ ကြိုးစားနေတာက အချိန်ကုန်ပြီး အကျိုးဖြစ်ထွန်းမှုမရှိတဲ့ အချည်းနှီးအားထုတ်မှု သက်သက်ဆိုတာ နားလည်ခဲ့ပါတယ်။ မျဉ်းသေတွေကို ထပ်ဖြတ်ချင်တဲ့ စိတ်တွေ ကျွန်မတို့ အပြီးစွန့်ဖို့ လိုပြီထင်ပါတယ်။

လုပ်ငန်းစတင်တည်ထောင်လိုသူများအတွက် အထောက်အပံ့ဖြစ်စေရန် သင်တန်းဖွင့်

မော်လမြိုင် နိုဝင်ဘာ ၁၇

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် Friedrich Naumann Foundation for Freedom (FNF) အဖွဲ့တို့ ပူးပေါင်း၍ မွန်ပြည်နယ်ရှိ SME လုပ်ငန်းရှင်များနှင့် လုပ်ငန်းစတင်တည်ထောင်လိုသူများအား AEC ဝင်ရောက်ချိန်တွင် ၎င်းတို့၏ လုပ်ငန်းတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် ရည်ရွယ်၍ Idea Platform for Successful Business Training ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ဈေးကြိုရပ် (ကားကြီးဝင်းဟောင်း) မော်လမြိုင်ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ရန်ကုန်မြို့ရှိ MHR ကျောင်း တည်ထောင်သူ ဆရာကြီး Prof ဦးအေးကျော်၊ Strategy First Business School မှ ဒေါ်အေးအေးဝင်း၊ SME Development Department မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးနှင့် Myanmar Youth Development Organization ၏ CEOဖြစ်သူ ဒေါက်တာ မျိုးမင်းဂေါင်တို့က သက်ဆိုင်ရာဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး အဆိုပါလေးရက်ကြာသင်တန်းကို မွန်ပြည်နယ်အတွင်းရှိ SMEလုပ်ငန်းရှင် ၆၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

စာအုပ်စာပေ လူမိတ်ဆွေ

နည်းပညာသတင်း

Oppo Neo 7 ၏ သံတမန်အဖြစ် တေးသံရှင်မျိုးကြီးအားခန့်အပ်

၂၀၁၅ ခုနှစ်၏ နည်းပညာသစ်တစ်ခုဖြစ်လာမည့် Oppo Neo 7 ၏ Product Ambassador ကို Oppo Myanmar မှ နိုဝင်ဘာလတွင် စတင်ခန့်အပ်လိုက်ပြီဖြစ်သည်။ နည်းပညာမြင့် စမတ်ဖုန်းများကို နှစ်သက်သူများအတွက် ဈေးနှုန်းသက်သာပြီး လှပသောဒီဇိုင်းများနှင့် ပြည်တွင်းဈေးကွက်အတွင်း ရောက်ရှိလာပြီဖြစ်သော Oppo Neo 7 စမတ်ဖုန်းသစ်၏ Product Ambassador ဖြစ်လာသူမှာ မြန်မာပရိသတ်များကြား ယနေ့အထိတိုင် လူကြိုက်များအောင်မြင်နေဆဲဖြစ်သော တေးသံရှင် မျိုးကြီးဖြစ်ပါသည်။

Oppo Myanmar အနေဖြင့် မြန်မာနိုင်ငံမှ လူငယ်လူရွယ်အသိုင်းအဝိုင်းကို အဓိကထားရည်ရွယ်သောကြောင့် တေးသံရှင်မျိုးကြီးအား ယခုလိုခန့်အပ်လိုက်ခြင်းဖြစ်သည်ဟု သိရသည်။ အရောင်းမြှင့်တင်ရေးအစီအစဉ်ဖြင့် ရွေးချယ်ခြင်းမဟုတ်ဘဲ ၎င်း၏ စစ်မှန်သည့် ဂီတပါရမီနှင့် စစ်မှန်သည့် ပင်ကိုအရည်အသွေးကြောင့် ကျော်ကြားနေခြင်းဖြစ်သည့်အတွက် တန်ဖိုးရှိသည့် Oppo Neo 7 ၏ သံတမန်အဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်သည်ဟု Oppo Myanmar ၏ အမှုဆောင်အရာရှိချုပ် Mr.David-Taung က ပြောကြားသည်။

မြန်မာနိုင်ငံတွင် လာမည့်သီတင်းပတ်အတွင်း စတင်ရောင်းချတော့မည့် Oppo Neo 7 သည် 3G ဗားရှင်းဖြင့် ထွက်ရှိလာမည်ဖြစ်ပြီး အဓိကအားသာချက်မှာ ကျပ် တစ်သိန်းကိုးသောင်းနှင့် မျက်နှာပြင်အကျယ် ၅ လက်မရှိသည့် မဂ္ဂနီဆီယမ် အလူမီနီယံသတ္တုစပ်ဖြင့် ပြုလုပ်ထားသည့် အဆင့်မြင့်စမတ်ဖုန်း တစ်လုံးကိုဈေးနှုန်းသင့်တင့်စွာ ဝယ်ယူအသုံးပြုနိုင်မည့်အချက်ဖြစ်သည်။

ရွေးချယ်နိုင်ရန် အဖြူနှင့် အနက်အရောင်နှစ်မျိုးရှိပြီး Neo 7 တွင် 8 Megapixel ကျောဘက်ကင်မရာပါဝင်ပြီး အရည်အသွေးမြင့် ဓာတ်ပုံများကိုရိုက်ကူးပေးနိုင်သည်။ 5 Megapixel အရှေ့ဘက်ကင်မရာပါဝင်ပြီး ကြည်လင်ပြတ်သားသော Selfie ဓာတ်ပုံများနှင့် ဗီဒီယိုများကိုပါ အရည်အသွေးကောင်းမွန်စွာ ရိုက်ကူးနိုင်မည်ဖြစ်သည်။

Alez - စုစည်းသည်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ Communi Cast 2015 နှင့် International ICT Exhibition ပူးပေါင်းပြပွဲဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ၏ ICT ကဏ္ဍကို ဦးစားပေးအဆင့်သတ်မှတ်ခြင်းအား ပံ့ဖော်သည့်အနေဖြင့် Communi Cast 2015 နှင့် International Myanmar ICT ပူးပေါင်းကျင်းပသည့်ပြပွဲကို ရန်ကုန်မြို့ Myanmar Event Park (MEP) တွင် နိုဝင်ဘာလ ၁၇ ရက်နေ့က ဖွင့်ပွဲကျင်းပသည်။ အဆိုပါပြပွဲတွင် ကုမ္ပဏီပေါင်း ၁၂၀ ကျော်ပါဝင်ပြသပြီး ပထမဦးဆုံးအကြိမ် ပူးတွဲပြသခြင်းဖြစ်သည်။ ပြပွဲတွင် ဂြိုဟ်တုနှင့် Broadband မှ မိုဘိုင်းလ်နှင့် Enterpies Solution များအထိ ICT လုပ်ငန်းများအတွက် လိုအပ်သမျှကို တစ်နေရာတည်းတွင် မြင်တွေ့ရသည်။

ယခုကျင်းပသည့်ပြပွဲတွင် ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင်ပြသသူ ၃၅ ဦး၊ စင်ကာပူနိုင်ငံမှ ပြခန်းတွဲကြီး နှစ်ခုနှင့် အိန္ဒိယ၊ အွန်တာရီယို(ကနေဒါ)၊ ထိုင်းနိုင်ငံတို့မှ အဖွဲ့များလည်း ပါဝင်ပြသသည်။ Communicast 2015 သည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် တရားဝင်အသိအမှတ်ပြုခံထားရသည့် အော်ပရေတာဖြစ်သော MPT အပါအဝင် လုပ်ငန်းနယ်ပယ်အတွင်းမှ ထင်ရှားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်သည်။

ပြပွဲ၏အဓိကခေါင်းစဉ်ဖြစ်သော "ဆက်သွယ်မှုမှသယ်ဆောင်လာသော အခွင့်အလမ်းများ"သည် မူလအားဖြင့် "ဂြိုဟ်တုနှင့် Broadband နည်းပညာများ၊ မိုဘိုင်းလ်အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ မိုဘိုင်းလ်နှင့် Enterprise Solution များအတွက် ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် တိုင်းပြည်၏ တယ်လီဖုန်းသိပ်သည်းဆကို ၇၅ ရာခိုင်နှုန်းသို့ရောက်ရှိရန် ရည်မှန်းချက်ထားသည်ဖြစ်ရာ အထူးသဖြင့် ISP, Broadband, မိုဘိုင်းလ်နှင့် ဘဏ်လုပ်ငန်းဆိုင်ရာဈေးကွက်များ စတင်ဖွင့်လှစ်ကတည်းက လုပ်ငန်းနယ်ပယ်အတွက် ဈေးကွက်အခွင့်အလမ်းများ လွန်စွာကောင်းမွန်နေပြီဖြစ်သည်။ ယခုနှစ်ပြပွဲအတွက် ကဏ္ဍအသစ်မှာ နိုင်ငံအတွင်းအောင်မြင်လာရန် အလားအလာအမြင့်မားဆုံး အက်ပလီကေးရှင်းအသစ်များကို ပြသမည့် Myanmar Software Start-up Feature ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ မြန်မာဘာသာသုံး အက်ပလီကေးရှင်းများ ရေးသားရန်အတွက်ထားရှိသော လေးနက်သည့် အာရုံစူးစိုက်မှုသည် ICT လုပ်ငန်းကို အဆင့်တိုင်းတွင် ပိုမိုတိုးတက်ရန်အတွက် မောင်းနှင်လျက်ရှိသည်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈ - ၁၁ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀	အဖွင့် - ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ(အပိုင်း-၁၅၂)
၆း၂၀	ပြည်သူ့နီတိ "အတွင်းစိတ်"
၆း၄၀	ဝတ်စားဆင်ယင်မှုပြပွဲ (အက)
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၂၆)
၇း၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၃၈)
၈း၃၀	တေးဂီတအစီအစဉ်
၈း၄၅	Catch Asia News (Part-17)
၈း၅၅	Orchestra Concert Myanmar
၉း၀၀	မြန်မာရုပ်ရှင်(ဖြူ/မဲ) "ဆောင်း" (ထွန်းဝေ၊ညွှန့်ဝင်း၊ စံရှားတင်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)

တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀	"မြတ်စွာဘုရား၏ ဗုဒ္ဓဝင်အကျဉ်း" တရားတော်(ဆရာတော် အရှင်သောဘန)
၇း၅၀	ရန်ကုန်မြင်ကွင်းကျယ်
၈း၀၀	Cartoon Series (English Playground)
၈း၄၀	ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၁၀း၀၅	ခေတ်သစ်ယျမေ
၁၁း၀၀	ဟင်းချက်ရအောင်
၁၁း၂၅	MRTV-4 Stage
၁၂း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၉၆)
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies
၂း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၄)
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၅)
၈း၂၀	ရသစုံညွှန်းတမ်းများ
၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၃၉)
၉း၂၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၇)
၁၀း၁၀	MRTV-4 Stage
၁၀း၃၀	World of Knowledge (Dog Whisper; Lives Changed
၄း၄၅	တန်ခိုးကြီးမားစေတီပုထိုးများ (မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော်)

မြဝတီ

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၂၀	ဓမ္မဃုဇာတေး
၆း၂၅	ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၀	မျိုးချစ်တပ်မတော်
၆း၃၅	မှတ်တမ်း
၆း၄၅	မြန်မာသံစဉ်ချိန်းဝင်
၇း၁၀	အမျိုးသားရေးတေးကဗျာ
၇း၂၅	သင့်အတွက်တစ်နေ့တာ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅	ဌဉ္ဃ အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀	အမျိုးသားရေးတေးကဗျာ
၈း၁၅	မွေးမြူသုတ
၈း၃၀	DVD Hits
၈း၃၅	ဇာတ်လမ်းတို
၈း၄၅	မြဝတီနေ့စဉ်သတင်း
၈း၅၀	သူနှင့်သူ၏သီချင်းများ
၉း၀၀	စာပေအလင်းစာပေသတင်း
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅	ရွှေဟောင်းသုတ
၅း၅၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၃၈)
၈း၃၀	တေးဂီတအစီအစဉ်
၈း၄၅	Catch Asia News (Part-17)
၈း၅၅	Orchestra Concert Myanmar
၆း၀၀	ပြည်ထောင်စု၊ ပြည်ပ ကိုယ်ပိုင်ရုပ်ရှင်ကားများ
၆း၃၀	ကျန်းမာရေးနှင့် ကျန်းမာခြင်းတို့
၆း၄၅	ကမ္ဘာ့ကမ္ဘာကြီး
၇း၁၀	ကမ္ဘာ့ရေနံ
၇း၃၀	ကမ္ဘာ့ကုန်သွယ်ရေး
၈း၀၀	ကမ္ဘာ့ဘဏ္ဍာရေး
၈း၁၀	ကမ္ဘာ့ကုန်ကျစရိတ်
၈း၃၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၈း၅၀	ကမ္ဘာ့ကုန်သွယ်ရေး
၉း၁၀	ကမ္ဘာ့ဘဏ္ဍာရေး
၉း၃၀	ကမ္ဘာ့ကုန်ကျစရိတ်
၉း၅၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၁၀း၁၀	ကမ္ဘာ့ကုန်သွယ်ရေး
၁၀း၃၀	ကမ္ဘာ့ဘဏ္ဍာရေး
၁၀း၅၀	ကမ္ဘာ့ကုန်ကျစရိတ်
၁၁း၁၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၁၁း၃၀	ကမ္ဘာ့ကုန်သွယ်ရေး
၁၂း၁၀	ကမ္ဘာ့ဘဏ္ဍာရေး
၁၂း၃၀	ကမ္ဘာ့ကုန်ကျစရိတ်
၁၂း၅၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၁း၁၀	ကမ္ဘာ့ကုန်သွယ်ရေး
၁း၃၀	ကမ္ဘာ့ဘဏ္ဍာရေး
၁း၅၀	ကမ္ဘာ့ကုန်ကျစရိတ်
၂း၁၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၂း၃၀	ကမ္ဘာ့ကုန်သွယ်ရေး
၂း၅၀	ကမ္ဘာ့ဘဏ္ဍာရေး
၃း၁၀	ကမ္ဘာ့ကုန်ကျစရိတ်
၃း၃၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၃း၅၀	ကမ္ဘာ့ကုန်သွယ်ရေး
၄း၁၀	ကမ္ဘာ့ဘဏ္ဍာရေး
၄း၃၀	ကမ္ဘာ့ကုန်ကျစရိတ်
၄း၅၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၅း၁၀	ကမ္ဘာ့ကုန်သွယ်ရေး
၅း၃၀	ကမ္ဘာ့ဘဏ္ဍာရေး
၅း၅၀	ကမ္ဘာ့ကုန်ကျစရိတ်
၆း၁၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၆း၃၀	ကမ္ဘာ့ကုန်သွယ်ရေး
၆း၅၀	ကမ္ဘာ့ဘဏ္ဍာရေး
၇း၁၀	ကမ္ဘာ့ကုန်ကျစရိတ်
၇း၃၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၇း၅၀	ကမ္ဘာ့ကုန်သွယ်ရေး
၈း၁၀	ကမ္ဘာ့ဘဏ္ဍာရေး
၈း၃၀	ကမ္ဘာ့ကုန်ကျစရိတ်
၈း၅၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၉း၁၀	ကမ္ဘာ့ကုန်သွယ်ရေး
၉း၃၀	ကမ္ဘာ့ဘဏ္ဍာရေး
၉း၅၀	ကမ္ဘာ့ကုန်ကျစရိတ်
၁၀း၁၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၁၀း၃၀	ကမ္ဘာ့ကုန်သွယ်ရေး
၁၀း၅၀	ကမ္ဘာ့ဘဏ္ဍာရေး
၁၁း၁၀	ကမ္ဘာ့ကုန်ကျစရိတ်
၁၁း၃၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၁၂း၁၀	ကမ္ဘာ့ကုန်သွယ်ရေး
၁၂း၃၀	ကမ္ဘာ့ဘဏ္ဍာရေး
၁၂း၅၀	ကမ္ဘာ့ကုန်ကျစရိတ်
၁း၁၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၁း၃၀	ကမ္ဘာ့ကုန်သွယ်ရေး
၁း၅၀	ကမ္ဘာ့ဘဏ္ဍာရေး
၂း၁၀	ကမ္ဘာ့ကုန်ကျစရိတ်
၂း၃၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၂း၅၀	ကမ္ဘာ့ကုန်သွယ်ရေး
၃း၁၀	ကမ္ဘာ့ဘဏ္ဍာရေး
၃း၃၀	ကမ္ဘာ့ကုန်ကျစရိတ်
၃း၅၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၄း၁၀	ကမ္ဘာ့ကုန်သွယ်ရေး
၄း၃၀	ကမ္ဘာ့ဘဏ္ဍာရေး
၄း၅၀	ကမ္ဘာ့ကုန်ကျစရိတ်
၅း၁၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၅း၃၀	ကမ္ဘာ့ကုန်သွယ်ရေး
၅း၅၀	ကမ္ဘာ့ဘဏ္ဍာရေး
၆း၁၀	ကမ္ဘာ့ကုန်ကျစရိတ်
၆း၃၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၆း၅၀	ကမ္ဘာ့ကုန်သွယ်ရေး
၇း၁၀	ကမ္ဘာ့ဘဏ္ဍာရေး
၇း၃၀	ကမ္ဘာ့ကုန်ကျစရိတ်
၇း၅၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၈း၁၀	ကမ္ဘာ့ကုန်သွယ်ရေး
၈း၃၀	ကမ္ဘာ့ဘဏ္ဍာရေး
၈း၅၀	ကမ္ဘာ့ကုန်ကျစရိတ်
၉း၁၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၉း၃၀	ကမ္ဘာ့ကုန်သွယ်ရေး
၉း၅၀	ကမ္ဘာ့ဘဏ္ဍာရေး
၁၀း၁၀	ကမ္ဘာ့ကုန်ကျစရိတ်
၁၀း၃၀	ကမ္ဘာ့ကုန်ကြမ်းဈေး
၁၀း၅၀	ကမ္ဘာ့ကုန်သွယ်ရေး
၁၁း၁၀	ကမ္ဘာ့ဘဏ္ဍာရေး
၁၁း၃၀	ကမ္ဘာ့ကုန်ကျစရိတ်
၁၁း၅

အားကစား

ဘာစီလိုနာ လက်ဦးသွားမယ့် ပေါ့ဘာ လုပ္ပဲ

ဂျူဗင်တပ်လူငယ်ကစားသမားပေါလ်ပေါ့ဘာက အခုမှ အသက်(၂၂)နှစ်သာရှိသေးပေမယ့် သူ့ကိုခေါ်ယူချင်တဲ့အသင်းတွေက ဥရောပ ကလပ်တွေရဲ့ ထက်ဝက်လောက်ရှိနေပါပြီ။ ပေါ့ဘာက ပြင်သစ်ယူ-၁၆ လီဟက်ရီအသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကိုစတင်ခဲ့ပြီး အာဆင်နယ်နဲ့ ဂျူဗင်တပ်အသင်းတို့ရဲ့ ကမ်းလှမ်းမှုကိုငြင်းပယ်ကာ မန်ယူလူငယ်အကယ်ဒမီကို ၂၀၀၉မှာ ပြောင်းရွှေ့သွားခဲ့ပါတယ်။ဒါပေမယ့်လည်း ဖာဂူဆန်က ပေါ့ဘာကို နေရာမပေးခဲ့ဘဲ စိနီယာကစားသမားတွေကိုသာ ခေါင်းမာမာနဲ့ ဆက်သုံးနေခဲ့လို့ နောက်ဆုံးမှာ ဂျူဗင်တပ်ကိုထွက်ခွာဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်မှာ ဂျူဗင်တပ်ကို ပြောင်းရွှေ့သွားပြီးနောက်မှာ ပေါ့ဘာရဲ့ အခန်းကဏ္ဍက ပေါ်လွင်လာခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ရောက်ရှိလာခဲ့ပါတယ်။ ဒုံကြောင့် ခြေစွမ်းခြေစရှိ လွန်းတဲ့ပေါ့ဘာကို အဲဒီတုန်းက ဂျူဗင်တပ်နည်းပြကွန်တီက အဓိကကစားသမားအဖြစ်ပွဲထုတ်ခဲ့သလို ပြင်သစ်နည်းပြ ဒီဒီယာ ဒက်ချမ့်စ်ကလည်း ကမ္ဘာ့ဖလားလိုပွဲစဉ်မျိုးမှာတောင် ပွဲတိုင်းဝင်ရောက်ကစားစေခဲ့လို့ တစ်ကမ္ဘာလုံးက ဘောလုံးပရိသတ်တွေက သူ့ကိုအခြားလူငယ်ကစားသမားတွေထက်ပိုပြီး သတိပြုမိခဲ့ပါတယ်။ ပေါ့ဘာက ဂျူဗင်တပ်အသင်းနဲ့အတူ ချန်ပီယံလီဂ်ပိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သလို ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ထုတ်ပြန်ခဲ့တဲ့ ဥရောပအကောင်းဆုံးကစားသမား ၁၀ ဦးစာရင်းမှာလည်း ဝင်ရောက်ခဲ့တာကြောင့် သူ့ရဲ့ခြေစွမ်းဘယ်လောက်အထိ ထက်မြက်သလဲဆိုတာ ပရိသတ်တွေ ခန့်မှန်းနိုင်မှာပါ။

သူ့ကိုခေါ်ယူချင်နေတဲ့ ချယ်လ်ဆီး၊ မန်ယူ၊ အာဆင်နယ်၊ ရီးယဲလ်ဘာစီလိုနာ၊မန်စီးတီးစတဲ့အသင်းတွေထဲကမှ ပေါ့ဘာက ဘာကာကို သာသွားရောက်ကစားလိုစိတ်ပြင်းထန်နေသူဖြစ်ပါတယ်။ဒါပေမယ့်လည်း ပေါ့ဘာဟာပြီးခဲ့တဲ့နွေစျေးကွက်မှာကတည်းက ဘာစီလိုနာကို ပြောင်းရွှေ့ဖို့နီးစပ်ခဲ့သေးပေမယ့် သူဟာဂျူဗီမှာပဲ လေ့လာသင်ကြားစရာတွေကျန်ရှိနေသေးသလို ပီယာလို၊တိုဗက်ဇ်နဲ့ ဗီဒယ်လ်တို့ ထွက်ခွာသွားမှုနဲ့အတူ လိုအပ်နေတဲ့ လူအင်အားကြောင့် ဂျူဗီမှာပဲဆက်နေဖို့ ဆုံးဖြတ်ခဲ့သူပါ။

ဒါပေမယ့် ဒီနှစ်ဘောလုံးရာသီမှာတော့ ဂျူဗီကစီးရီးအေအမှတ်ပေးဇယား အဆင့်(၇)နေရာမှာသာရပ်တည်နေသလို ချန်ပီယံလီဂ်မှာလည်း မန်စီးတီးရဲ့နောက်ကောက်ချခံခဲ့ရပါတယ်။ဂျူဗင်တပ်မှာ ရောက်ရှိနေခဲ့တာသုံးနှစ်ကျော်လွန်လာတဲ့အချိန်မှာ ပေါ့ဘာအနေနဲ့ အသင်းပြောင်းဖို့ အချိန်တန်ပြီဖြစ်သလို ဘာကာကိုသာ အနှေးနဲ့အမြန်ရောက်ရှိဖို့ရှိနေတယ်လို့ ဖီဖာကိုယ်စားလှယ်ဖြစ်သူ အာနက်စ္စတို ဘရောင်စတီက ခန့်မှန်းခဲ့ပါတယ်။ ပေါ့ဘာက အရင်ကတည်းက ပရီမီယာလီဂ်အသင်းတွေထက် စပိန်မြေမှာပဲကစားလိုတယ်လို့ ဆိုခဲ့ဖူးတာကြောင့် သူ့အနေနဲ့ ဘာကာအပြင် အခြားအသင်းကိုပြောင်းရွှေ့ဖို့ အလားအလာမရှိဘူးလို့ သုံးသပ်ရမှာပါ။

အရင်ကတော့ ပြင်သစ်အသင်းကစားဖော်ဖြစ်တဲ့ ဗာရာနီနဲ့ဘင်ဇီမာဆို့ရှိတဲ့ ရီးယဲလ်ကိုသာ ဦးစားပေး ပြောင်းရွှေ့လိုပေမယ့် လူမည်းကစားသမားတွေကိုနေရာပေးလေ့မရှိတဲ့ ရီးယဲလ်ဥက္ကဋ္ဌကြီးပီရက်ဇ်ရဲ့မူကြောင့် သူ့ကိုရီးယဲလ်ကိုပြောင်းရွှေ့ဖို့ အခြေအနေမပေးခဲ့တာပါ။ ဒါကြောင့် ရီးယဲလ်ထက်သူ့ကို လိုလိုလားလားခေါ်ယူလိုနေတဲ့ ဘာစီလိုနာက လွဲပြီး အခြားအသင်းကိုပြောင်းရွှေ့ဖို့ဆိုတာ မဖြစ်နိုင်တာကြောင့် ဘာကာဂျာစီကို ဝတ်ဆင်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် ပိုလ်ဝင်ခံမယ်ဆိုတာ သံသယရှိစရာမလိုတော့ပါဘူး။

ရှိုင် ယန် ဟော ဒင် » စု စည်း သည်

ယူရို-၂၀၁၆ ပြိုင်ပွဲကို ပြင်သစ်တွင်သာ ကျင်းပသွားမည်ဟု ယူအီးအက်ဖ်အေ ထပ်မံအတည်ပြု

ပဲရစ်အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူရာနှင့်ချီကာသေဆုံးခဲ့သော်လည်း ယူရို-၂၀၁၆ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ရွေးချယ်ခံထားရသည့် ပြင်သစ်နိုင်ငံတွင်သာ ကျင်းပသွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေ (ဥရောပဘောလုံး အဖွဲ့ချုပ်)က ထပ်မံအတည်ပြုပေးခဲ့သည်။ ယူရိုဖလားပြိုင်ပွဲ ကျင်းပရန် ခုနစ်လခန့်အလိုတွင် ပဲရစ်ပုံးခွဲ တိုက်ခိုက်မှုကြောင့် လူ ၁၂၉ ဦး သေဆုံးခဲ့ရပြီး နောက် ပြင်သစ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ အပေါ် ဥရောပဘောလုံးပရိသတ်များက စိုးရိမ်မကင်းဖြစ်လာခဲ့ကြသည်။ ယူရို-၂၀၁၆ ဘောလုံးပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ တစ်လကြာ ကျင်းပသွားမည်ဖြစ်သည်။

သို့သော် ယူအီးအက်ဖ်အေတာဝန်ရှိသူများ၏ ထုတ်ပြန်ချက်အရ ပြင်သစ်အာဏာပိုင်များနှင့် ယူအီးအက်ဖ်အေတို့သည် ပြိုင်ပွဲကျင်းပရန် သုံးနှစ်အလိုကတည်းက နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြသဖြင့် ပြိုင်ပွဲကို လုံခြုံရေးအပြည့်ဖြင့် ကစားနိုင်မည်ဖြစ်ကြောင်း အာမခံချက်ပေးခဲ့သည်။ အဆိုပါထုတ်ပြန်ချက်၌ "အရေးပေါ် အခြေအနေတွေပေါ်လာတဲ့အချိန်မှာ လိုအပ်တဲ့ အစီအမံတွေကို ဘယ်လိုမျိုးလုပ်ဆောင်မယ်ဆိုတာ ကိုပါ ထည့်သွင်းစီစဉ်ထားတာကြောင့် ဒီပြိုင်ပွဲကို ပြင်သစ်နိုင်ငံမှာကျင်းပနိုင်ဖို့ ယုံကြည်မှုအပြည့်အဝရှိပါတယ်"ဟု ထည့်သွင်းဖော်ပြထားသည်။

ပြိုင်ပွဲဝင်အသင်း(၂၄)သင်း၏ အုပ်စုမဲခွဲ ဆုံးဖြတ်မှုကို လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် ပဲရစ်မြို့၌ပင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။ သို့သော် ပြိုင်ပွဲ ကျင်းပရေး တာဝန်ရှိသူလမ်းဘတ်ကမူ ယူရို-၂၀၁၆ ပြိုင်ပွဲမှာ အကြမ်းဖက်သမားများနှင့် ကစားနေရသော စွန့်စားမှုများလွန်းသည့် အန္တရာယ်မကင်းသော ကစားပွဲပင်ဖြစ်ကြောင်း ဝေဖန်ခဲ့သည်။

သို့သော် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ကမူ နိုဝင်ဘာ ၁၈ ရက်တွင်ကစားမည့် အင်္ဂလန်နှင့် ပြင်သစ်တို့၏ချစ်ကြည်ရေးခြေစမ်းပွဲကို ဖျက်သိမ်းရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့ပြီး မူလအစီအစဉ်အတိုင်းဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ဘယ်လ်ဂျီယံနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကြမည့် ခြေစမ်းပွဲကိုမူ အကြမ်းဖက်ခြိမ်းခြောက်မှုများရှိနေသဖြင့် ဘယ်လ်ဂျီယံ ဘောလုံးအဖွဲ့ချုပ်ဘက်က ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

○○○

အာဆင်နယ်ဂိုးသမား ပီတာဆက်ချ် ဦးထုပ်မပါဘဲ ကစားရန်ဆန္ဒရှိနေ

ပရမယ်ယားလီဂ်ကလပ် အာဆင်နယ်အသင်း ဂိုးသမား ပီတာဆက်ချ်သည် အသင်းနှင့်အတူ ပွဲထွက်ကစားစဉ် ကာလအတွင်း ဦးထုပ်မပါဘဲကစားရန် ဆန္ဒရှိခဲ့သော်လည်း ဆေးပညာဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် ထိုသို့လုပ်ဆောင်ရန် တားမြစ်ခဲ့ကြောင်း သိရသည်။

အသက်(၃၃)နှစ် အရွယ်ရှိ အာဆင်နယ် ဂိုးသမား ပီတာဆက်ချ်သည် ၂၀၀၆ ခုနှစ်ကတည်းက ဦးခေါင်းဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ပြိုင်ပွဲတိုင်း နီးပါးတွင် ဦးထုပ်ဆောင်း၍ ကစားခဲ့ရသူဖြစ်သည်။ ၂၀၀၆ ခုနှစ် အတွင်းက ချယ်လ်ဆီး အသင်းနှင့် ရက်ဒင်းအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်အပြီးတွင် သုံးကြာအနားယူခဲ့ရသူဖြစ်သည်။ ပီတာဆက်ချ်သည် အရေးပေါ်ဦးနှောက် ခွဲစိတ်ကုသရန် လိုအပ်လျက်ရှိပြီး ရရှိခဲ့သည့်ဦးခေါင်းဒဏ်ရာကြောင့် လက်ရှိအချိန်အထိ ထိုဒဏ်ရာကို အကာအကွယ်ပေးရန် ဦးထုပ်ဆောင်းထားရဆဲဖြစ်သည်။

(ဌေးကြယ်)

အကောင်းဆုံးပုံစံနဲ့ ပြန်လည်ပါဝင်လာဖို့ယုံကြည်နေတဲ့ လေတန်ဘိန်းစ်

အဲဗာတန်ဘယ်နောက်ခံကစားသမား လေတန်ဘိန်းစ်ဟာ ဒဏ်ရာပြဿနာကြောင့် အဲဗာတန်အသင်းရဲ့ အရန်ခုံမှာသာ ကာလကြာရှည်ထိုင်နေခဲ့ရသူ ဖြစ်ပြီး အဲဗာတန်ပထမအသင်းနှင့် အတူ အကောင်းဆုံးပုံစံနဲ့ ပြန်လည် ပွဲထွက်ကစားခွင့်ရဖို့ ယုံကြည်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အင်္ဂလန်အသင်းမှာ အားထားရတဲ့ နောက်ခံကစားသမားတစ်ဦးဖြစ်တဲ့ လေတန်ဘိန်းစ်ဟာ နည်းပြရောဘာတ်တို မာတီနက်ဇ်ရဲ့ အဲဗာတန်အသင်းမှာလည်း အရေးပါတဲ့ ကစားတစ်ဦးအဖြစ် ရပ်တည်နေပြီး အဲဗာတန်သင်းနဲ့အတူ ပြီးခဲ့တဲ့ ဘောလုံးရာသီ နှစ်ရာသီမှာ အကောင်းဆုံးပုံစံနဲ့ ပွဲထွက်ကစားနိုင်ခဲ့တာကြောင့် ပရီမီယာလီဂ်အသင်းတွေရဲ့ စိတ်ဝင်စားမှုကို ခံခဲ့ရတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ ယခုနှစ်ဘောလုံးရာသီမှာ ခံစစ်ပိုင်းတွင် အားထားရတဲ့ လေတန်ဘိန်းစ်မပါဝင်နိုင်ခဲ့တဲ့ရလဒ်ကြောင့် လက်ရှိမှာ ပရီမီယာလီဂ်အမှတ်ပေးဇယားရဲ့ အဆင့်(၉)နေရာမှာ ရပ်တည်နေပြီး လာမည့်တစ်ပတ်အတွင်းမှာ ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်မှာ အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်သွားဖို့လည်း ရည်ရွယ်ထားပါတယ်။

လက်ရှိအနေအထားအရ နောက်ခံလူ လေတန်ဘိန်းစ်မှာလည်း အဲဗာတန်အသင်းနဲ့အတူ အကောင်းဆုံးပုံစံနဲ့ ပွဲထွက်ကစားရန်ရှိနေပြီး လေတန်ဘိန်းစ်ပါဝင်လာပါက အသင်းရဲ့ရလဒ်ပြောင်းလဲမှု တစ်စုံတစ်ရာ ရှိလာလိမ့်မယ်လို့လည်း အဲဗာတန်အသင်းနည်းပြ ရောဘာတ်တို မာတီနက်ဇ်က မျှော်လင့်ထားပါတယ်။

(ဌေးကြယ်)

မောင်တောမြို့နယ်တွင် တရားမဝင် ဝင်ရောက်နေထိုင်သူတစ်ဦး ပုန်းအောင်းနေသည့်နေအိမ်မှ လက်နက်များသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သံဒါကျေးရွာအုပ်စု ဒုသံဒါကျေးရွာနေ ရှားအာလောင် (၂၈)နှစ်၏ နေအိမ်တွင် နိုဝင်ဘာ ၁၅ ရက် ည ၁၂ နာရီ ခွဲခန့်က မသက်ာဖွယ်ရာ လူစိမ်းတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ လှည့်ကင်း ဆောင်ရွက်နေသည့် အမှတ်(၄)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက ကျေးရွာလုံခြုံရေး အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ သွားရောက်စစ်ဆေးရာ နေအိမ်ဧည့်ခန်း၌ မြန်မာနိုင်ငံသားမဟုတ်သူ နူအာလောင်(၂၂)နှစ်နှင့် အိပ်ခန်းအတွင်း၌ ရှားအာလောင်၏ ဇနီး၊ သားသမီးများ အားတွေ့ရပြီး အိမ်ရှင်ရှားအာလောင် အား နေအိမ်မီးဖိုချောင်အတွင်း၌ ပုန်းအောင်းနေသည်ကို တွေ့ရှိခဲ့ရသည်။

ထို့နောက် နေအိမ်အားဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်အိပ်ခန်းအတွင်းရှိ အဝတ်သေတ္တာအောက်မှ Adidas တံဆိပ်ပါ အနက်ရောင် ခါးပတ်အိတ်နှင့်အတူ USA စာတန်းပါ အရှည်ရှစ်လက်မခန့်ရှိ ဆုံလည်ခြောက်လုံးပြူး လုပ်သေနတ်တစ်လက်၊ အရှည်လေးလက်မရှိ သံဖြင့်ပြုလုပ်ထားသည့် ဂျင်ကလိခြောက်ချောင်းနှင့် တစ်ဖက်နိုင်ငံသုံး ဆင်းမ်ကတ်ပါ လက်ကိုင်ဖုန်းတစ်လုံးတို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရှားအာလောင်အား အလယ်သံကျော် နယ်မြေရဲစခန်းက (၀)၃၄၊ ၂၀၁၅၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ)နှင့် (၀)၃၅၊ ၂၀၁၅၊ ပို့ကုန်/သွင်းကုန်ဥပဒေ ပုဒ်မ ၈ ဖြင့် လည်းကောင်း၊ နူအာလောင်အား (၀)၃၆၊ ၂၀၁၅၊ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူခဲ့သည်။

ယင်းနောက် ရှားအာလောင်၏ နေအိမ်ခြံဝင်းနှင့် နေအိမ်အတွင်း၌ အသေးစိတ်ထပ်မံရှာဖွေရာ နေအိမ်ရှေ့ရှိ ကွမ်းသီးပင်အောက်၌ ပိန်အိတ်ခွံဖြင့်ပတ်၍ မြေမြှုပ်ထားသော အရိုး ရှစ်လက်မ၊ အသွားသုံးပေခန့်ရှိ ဌက်ကြီးတောင် ဓားတစ်ချောင်းကို ထပ်မံရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အရက်သောက်ရင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

နွားထိုးကြီး နိုဝင်ဘာ ၁၇

နွားထိုးကြီးမြို့မရဲစခန်းအပိုင် ဖလံကုန်းရွာတွင် နိုဝင်ဘာ ၁၂ ရက်ညနေ ၆ နာရီခန့်က အရက်မူးလွန်ရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အရက်သောက်နေစဉ် ဝင်းဦးမှာ အိမ်ပြန်မည်ဟုဆိုရာ အိမ်မပြန်ရန် ဖလံကုန်းရွာသား အောင်သူ (၂၃) နှစ်က ဆိုင်ကယ်သော့ပျောက်သည့် ကိစ္စကြောင့် စကားများရန်ဖြစ်ပြီး အောင်သူက ပုလင်းကိုရိုက်ခွဲကာ ဝင်းဦး၏ ဝမ်းဗိုက်ကိုထိုးလိုက်သဖြင့် ဝင်းဦးမှာသေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နွားထိုးကြီးမြို့မရဲစခန်းက အောင်သူအား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

လဲချားမြို့နယ် မတ်လန်းကျေးရွာတွင် ပေါက်ကွဲမှုဖြစ်ပွား

လဲချား နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့မှ သုံးမိုင်ခန့်အကွာ မတ်လန်းကျေးရွာရှိ ဦးစိုင်းဟန်၏ ပြောင်းဖူးခင်းအနီးတွင် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ပေါက်ကွဲမှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဦးစိုင်းဟန်၏ တောင်ယာပြောင်းခင်းအနီး တဲထိုး၍ချောင်းသလုပ်ငန်းလုပ်ကိုင်နေထိုင်သူ ဦးညီညီနှင့်ဒေါ်နန်းကြွမ်၏ သမီးများဖြစ်သည့် မရွှေရင်ဦး(၁၃)နှစ်၊ မစန်းစန်းဦး(၈)နှစ်နှင့် မထွေးငယ်(၅)နှစ်တို့ ညီအစ်မသုံးဦးသည် ၎င်းတို့နေထိုင်သည့်တဲနှင့် ကိုက် ၃၀ ခန့်အကွာ တိမ်းချောင်းအနီးဆော့ကစားနေစဉ် ပေါက်ပင်အောက်ရှိ ချုံပုတ်အတွင်းမှ ဆိုင်ကယ်ဘက်ထရီအသေးပုံသဏ္ဌာန် အရာဝတ္ထုတစ်ခုတွေ့ရှိ၍ မရွှေရင်ဦးက ကိုင်မြောက်လိုက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ မရွှေရင်ဦးမှာ သေဆုံးပြီး မစန်းစန်းဦးမှာလည်း မီးလောင်သကဲ့သို့ ညိုမည်းဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

(မစု)

နားကပ်လုယူပြီး အဘွားအိုကို သတ်ဖြတ်ခဲ့သူအား သေဒဏ်ချမှတ်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစည်လမ်း (၈၂/၃၃ /၁၀) ရပ်ကွက်နေ ဒေါ်သိန်းတင်(၇၆) နှစ်သည် လည်ပင်းတွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးပြီး နားနှစ်ဖက်ရှိ နားကပ်များ ပျောက်ဆုံးနေသဖြင့် သမီးဖြစ်သူ ဒေါ်ခင်ဖြူအေးက ရွှေပြည်သာမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ရွှေပြည်သာရဲစခန်းမှ ဒုရဲမှူးညွန့်ဌေးက အမှုစစ်အဖြစ်ဆောင်ရွက်ပြီး အမှုကို စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ အောင်ရဲလင်း(ခ) အောင်သူထက် ဖြစ်ကြောင်း သိရှိရ၍ ၎င်းအား ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀/၃၉၄ အရ တရားစွဲတင်ပို့ခဲ့သည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ အဆိုပါအမှုအား ပြစ်မှုကြီးအမှတ် ၁၄၅/၂၀၁၄ ဖြင့်လက်ခံပြီး ဒုတိယခရိုင်တရားသူကြီး(၆) ဦးကျော်ကျော်ဦးက လက်ခံစစ်ဆေးကြားနာခဲ့ပြီးနောက် သက်သေခံချက်များ၊ သက်သေခံပစ္စည်း အထောက်အထားများ၊ တရားခံ၏ဝန်ခံထွက်ဆိုချက်များအရ အောင်ရဲလင်း(ခ) အောင်သူထက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁) (ဂ)အရ ပြစ်မှုကျူးလွန်ကြောင်းသုံးသပ်ပြီး သေဒဏ်ကျခံစေရန် နိုဝင်ဘာ ၁၂ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အောင်သန်း(သရက်)

မီးပုံပျံယမ်းစပ်ရာမှ မီးလောင်မှုဖြစ်ပွား

တောင်ကြီး နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အိမ်အမှတ် (၅၅၄) နေကြာလမ်း စိန်ပန်းရပ်ကွက်နေ ဦးခင်မောင်ဝင်း(၇၁)နှစ်၏ နှစ်ထပ်နံကပ်အိမ်၌ ယနေ့ညနေ ၃ နာရီ ၅မိနစ်အချိန်တွင် မီးပုံပျံယမ်းစပ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်သုံးစီး၊ ရပ်ကွက်နေပြည်သူများက ရေသယ်ယာဉ် ငါးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၃နာရီခွဲတွင် မီးညွှန့်ကျိုးသွားပြီး ၄ နာရီတွင်မီးလုံးဝငြိမ်းသွားသည်။ မီးလောင်မှုကြောင့် နေအိမ်အတွင်းရှိ ကားနှစ်စီး မီးလောင်ပျက်စီးပြီး လေးနှစ်အရွယ်ကလေး တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိပြီး စဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်ဆေးကုသလျက်ရှိသည်။

အဆိုပါမီးလောင်မှုကြောင့် ဆုံးရှုံးမှု တန်ဖိုးမှာ ငွေကျပ် သိန်း ၉၀ ခန့်ရှိကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီးနေ
ဦးစိုးမြင့်-(ဒေါ်ခင်သန်းနွဲ့)တို့၏ သားကြီး

မောင်အောင်ပြည်စိုး B.C.Sc (UCSY)
General Manager @ Media Kabar (Forever Group Co.,Ltd)

နှင့်

ရန်ကုန်တိုင်းဒေသကြီးနေ ဦးမောင်ဖေ(ဒုတိယညွှန်ကြားရေးမှူးချုပ်-ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန-ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်လှမေမြင့်(နန်းဒေဝီ-Fabric Design)တို့၏ တစ်ဦးတည်းသောသမီးကြီး

မမေသူဖေ B.C.Sc (UCSY)

Managing Director @ Media Kabar (Forever Group Co.,Ltd)
ရွှေလွန်းတင်(Traditional Fashion Concept)

တို့၏ ၁၅-၁၁-၂၀၁၅ရက် Novotel Yangon Max Hotel (Yangon Ballroom)တွင် ကျင်းပပြုလုပ်ခဲ့သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဦးဝင်းမော်(CEO-FOREVER GROUP Co.,Ltd)နှင့်ဇနီး ဒေါ်ခင်ခင်လေး(MD, FOREVER GROUP Co.,Ltd)တို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးတင့်ဆွေ (အမြဲတမ်းအတွင်းဝန်-ပြန်ကြားရေးဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်နီလာသွင်တို့အားလည်းကောင်း၊ မင်္ဂလာဘိသိက် အခမ်းအနားနာယက ဦးအမ်းယုမောင်-လက္ခဏာဝေဒ(မောင်လူမွှေး-မြန်မာမှု)၊ မင်္ဂလာအခမ်းအနားမှူး ကိုကျော်သူလင်း(MRTV-4)၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်ရီရီသန့်နှင့် Reality Band တေးဂီတအဖွဲ့၊ မင်္ဂလာသတို့သားအရံ ကိုစိုင်းဇေယျာလွင်၊ ကိုဇေမိုးသော်၊ မင်္ဂလာသတို့သမီးအရံ၊ မစုစုအေးအောင်၊ မစုလတ်နွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်လက်စွပ်ကိုင်ဆောင်ပေးပါသော မယုဇနဝမ်း၊ မဝိုင်းရွှေယံလင်း၊ မင်္ဂလာပန်းကြေးပေးပါသော သရုပ်ဆောင် နေအဋ္ဌရာ၊ ဆောင်းဝတ်ရည်မေ၊ မိတ်ကပ်နှင့် ဆံပင်အလှမေဦး၊ မင်္ဂလာဝတ်စုံနှင့် မင်္ဂလာဘိသိက် အဆောင်အယောင် ဦးစိုး (The Lady)၊ မင်္ဂလာအခမ်းအနားပန်းအလှ ကိုမြင့်ဦးသာ၊ မင်္ဂလာကိတ်မုန့် Merry Cake Bakery In KLမှ ဦးကိုကိုဦးနှင့် ဇနီး Aunty Jessie၊ မင်္ဂလာဖိတ်စာနှင့် မင်္ဂလာအခမ်းအနား အပြင်အဆင် KYAW ADVERTISING မှ ကိုကျော်ဝဏ္ဏ ဆွေနှင့် မဆွေဆွေအောင်၊ မင်္ဂလာကား ကိုနေမင်းနိုင်၊ မင်္ဂလာအခမ်းအနား ဓာတ်ပုံနှင့်ဗီဒီယို ဝိုင်းဘုန်းထူးအဖွဲ့နှင့် ဓာတ်ပုံ ဝေဖြူ၊ Prewedding ဓာတ်ပုံ ဝေယံဖေ၊ ရဲနောင်၊ ခန့်လူမင်း၊ ခန့်ညားလွင်၊ ဝိုင်းဝန်းကူညီပေးကြပါသော FOREVER GROUP နှင့် Media Kabar မှ ညီအစ်ကိုမောင်နှမများနှင့် NOVOTEL YANGON MAX HOTEL မှ ဝန်ထမ်းများအားလည်းကောင်း၊ ၃-၁၁-၂၀၁၅ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်ညွှန့်ညွှန့်ဝင်းနှင့် အသိသက်သေ ဒုတိယပိုလ်မှူးကြီးတင့်ဝေ (ငြိမ်း)-ဒေါ်ရီရီမြင့်၊ ဦးဝင့်အောင်-ဒေါ်နှင်းအိသူတို့အားလည်းကောင်း၊ ၁၂-၁၁-၂၀၁၅ရက်တွင် မရမ်းကုန်းမြို့နယ်၊ အောင်မြေဘုံသာသျှမ်းကျောင်း၌ကျင်းပသော မင်္ဂလာဦးဆွမ်းကပ်လှူဒါန်းပွဲနှင့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ကူညီပေးကြပါသော ပုဂ္ဂိုလ်အားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်အောင်ပြည်စိုး-မမေသူဖေ

စက်ချုပ်သမားအလိုရှိသည်

စင်တီမီတာနည်းဖြင့် အမျိုးသမီးဝတ်အကျီမျိုး ချုပ်နိုင်သောအမျိုးသမီးဝန်ထမ်း (၂)ဦး အလိုရှိသည်။
ဆက်သွယ်ရန်- ၀၉-၄၅၀၀၀၈၆၈၇ ၊ ၀၉- ၉၇၇၂၇၅၅၁ ၊ ၀၉-၂၅၂၄၁၈၆

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အပေါ်ဖစ်၏ မှတ်ပုံတင်အမှတ် MGK -087014 နှင့် PP No.MA301435 တို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၄၃၃၀၀၃၊ ၀၉-၇၉၈၉၆၆၅၅၉

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၁-၂၀၁၅ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၉)ပါ ၁၉၇၅-၇၉ဝတ္ထုဘတ္တဗေဒ၊ ကုန်ထုတ် ဓာတုဗေဒ၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံဘဏ္ဍာသိုလ် ကျောင်း သား/ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် အစည်းအဝေးဖိတ် ကြားခြင်းနေ့ရက်ကို ၂၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်မှန်

အဖ ဦးမောင်တင်၏သမီးဖြစ်သူ [၇/ပမန(နိုင်)၃၆၂၉၁၃]ကိုင်ဆောင်သူ ကျွန်မ၏အမည်မှန်မှာ ဒေါ်ရင်မြင့်ဖြစ်ပါသည်။ ဒေါ်ရင်မြင့်

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမင်းအောင် CDC -61276 ၏ Watchkeeping D00 578914 လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၁၁၄၈၉

မီးသတိပြု

နန်းဦးလှိုင် တောင်ကြီးမီးပုံးပျံပွဲတော်

●တောင်ကြီးမီးပုံးပျံပွဲတော် နှင့် အင်းလေး ပွေတော်ကကျူ။ ထမ်စမ်း၊ ပင်းတယ၊ ကလော၊ အောင်ပန်း (၄)ရက်။ ဆက်၍–ကယားပြည်နယ်၊ လွှင်ကော် တောင်ကွဲစေတီ၊ ထီးလွင်ကန်ပါ (၆)ရက်။ (၂၀/၂၄–၁၁–၂၀၁၅)ထွက်မည်။
●မူဆယ်၊ ရွှေလီ လားရှိ၊ ရေပူစမ်း၊ သီပေါ ဘော်ကြိုဘုရား ပြင်ဦးလွင်၊ မန္တလေး ဘုရားစုံလှ (၇)ရက်။(၂၅–၁၁–၂၀၁၅)
●ပြဝတီ၊ မိုးဆောက်၊ ကျောက်ကလာပါ၊ ကော့ဖွန်း၊ ရေ၊ ရသေ့ပျံ၊ ဘုရင့်ညီ၊ (၃)ရက်။(မိုးဆောက်ကားနှင့် မြွတ်တည်းခြင်း)
●ပုဂံ(စွယ်တော်လေးဘူး)၊ပုပ္ပါးပဒုက္ကူ၊သီတိုင်ရွှေ(၄)ရက်။● ပော်လမ်ပြင်၊ကျိုကမီ၊စက်ခဲ(၂)ရက်–ကျိုက်ထီးရိုး၊ပါ(၃)ရက်
●မန္တလေး၊ စစ်ကိုင်း၊ မုဒ္ဓာ၊ ပြင်ဦးလွင် (၄)ရက်။ ● ထားဝယ် ရှင်ကိုးဖွင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ (၅)ရက်–ဆက်၍– မြိတ်(ဘိတ်)ပါ (၇)ရက်။ Nov 20,24,25,27 ● ကျိုက်ထီးရိုး(နေ့စဉ်)
●ထုံးဘို၊ အကောက်တောင်နှင့် ပြည်ဘုရား၊ စုံလှ (၈နေ့)● ဂလွန် (နေ့ချင်းပြန်–ရုံးပိတ်ရက်)

ကားခေါ်လိုသူများ ဒေါက်ဒါလက်စသည်။
01-391577
09-5122961
09-254340569
09-254821597

အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မလေး၊အနောက်၊ သန်လျင်မြို့နယ်။
အမှတ်(၂၅၁)၊ပန်းဆိုးတန်းလမ်း(အထက်)၊ကျောက်တံတားမြို့နယ်။
အမှတ်(၁၇)၊ ကျိုကြွတ်လမ်း၊ ကျောက်မြောင်းချေး၊ တာဝွေမြို့နယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)
သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းနှင့်
66KVဓာတ်အားလိုင်း သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းနှင့် 66KV ဓာတ်အားလိုင်း၊ သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းတို့တွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများကို မြန်မာ(ကျပ်)ငွေဖြင့် သယ်ယူ/ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းသယ်ယူ/ဝယ်ယူရန်
(၁) မြိုင်ကလေးမှ ဘိလပ်မြေအား သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးလုပ်ငန်းခွင်စတိုသို့ သယ်ယူခြင်း
(၂) 6"x9" ကျောက်ကြီးဝယ်ယူခြင်း
(၃) 8mm thick M.S Plate
(၄) Bentonite ဝယ်ယူခြင်း
(၅) တောသစ်ဝယ်ယူခြင်း

တင်ဒါတင်သွင်းရမည့်နေ့ရက် - ၁၈-၁၁-၂၀၁၅ရက်မှ ၂-၁၂-၂၀၁၅ရက် ညနေ ၄:၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေ့ရက် ၃-၁၂-၂၀၁၅ရက်
အချိန် -မွန်းလွဲ ၁၃:၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရှင်လင်းဆောင်၊ ရေတပ်ဝင်း၊ မုပွန်ရပ်၊ မော်လမြိုင်မြို့။

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာပုံစံများကို သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးအဖွဲ့(၁)ရုံးနှင့် တည်ဆောက်ရေးအဖွဲ့(၄)ရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်တွင် ၁၈-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲဝင်ရန်အတွက် ချောင်းဦးမြို့နယ်တွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

မုံရွာ နိုဝင်ဘာ ၁၇

တန်ဆောင်မုန်းလပြည့်နေ့တွင်ကျင်းပမည့် ချောင်းဦးမြို့နယ် မီးပုံးပျံလွှတ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြရန် စာရင်းပေးသွင်းထားသောအသင်းများမှာ မီးပုံးပျံပြုလုပ်ခြင်း၊ ရုပ်ပုံများ၊ ရှူခင်းပုံများ၊ ပန်းချီရေးဆွဲခြင်း စသည့်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မဲ့မီးပုံးပျံက အမြင့် ၂၃ ပေ၊ အချင်း ၃၅ ပေရှိတယ်၊ မီးပုံးပျံကို ပလတ်စတစ်နဲ့ပဲချိုးတယ်၊ ပန်းချီအနေနဲ့ကတော့ မြတ်စွာဘုရားက ပဋ္ဌဝဂ္ဂိုဏ်းပါးကို ဓမ္မစကြာတရားဦး ဟောကြားနေတဲ့ပုံ ရေးဆွဲထားပါတယ်။ ပြင်ဆင်ခြင်းလုပ်ငန်းတွေလုပ်နေတာ တစ်လလောက်ရှိပါပြီ။ အခုပြီးသလောက်ဖြစ်နေပါပြီ။ ပြိုင်ပွဲမှာ စိန်နားပန်အမျိုးအစားနဲ့ ပြိုင်ပွဲဝင်မှာပါ။ နောက်နှစ်ရက်လောက်ဆိုရင်တော့ အသင့်ဖြစ်ပါပြီ" ဟု ချောင်းဦးမြို့ မဟာမေဂဝဏ်ကျောင်းတိုက်တွင် ပြင်ဆင်လျက်ရှိသော ဝတိုစီးမီးပုံးပျံအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ချောင်းဦးမြို့ ဆဋ္ဌမအကြိမ် မီးပုံးပျံလွှတ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မီးပုံးပျံလွှတ်အဖွဲ့ ၁၇ ဖွဲ့မှ စာရင်းပေးသွင်းထားကြောင်းနှင့် ပြိုင်ပွဲကျင်းမည့်ရက်များတွင် မီးပုံးပျံအပျော်တမ်းလွှတ်ပွဲများလည်း ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲကို နှစ်ရက်ခွဲပြီးကျင်းပသွားမှာပါ။ ပြိုင်ပွဲကျင်းပတဲ့နေ့ဘက်ပိုင်းတွေမှာ ပြိုင်ပွဲဝင်မီးပုံးပျံတွေလွှတ်ခြင်းနဲ့အတူ ငြိမ်းချမ်းရေးချိန်ဂုဏ်အရုပ်တွေနဲ့ ကမ္ဘာလုံးပုံးမီးပုံးပျံတွေ အပျော်လွှတ်ပွဲတွေလည်း ထည့်သွင်းထားပါတယ်။ ပြိုင်ပွဲဝင်မဲ့မီးပုံးပျံတွေရဲ့ အချိုးအစားအနေနဲ့ အနည်းဆုံး ၂၂ ပေအမြင့်ရှိရပါမယ်။ ညမီးကြီး၊ စိန်နားပန်အမျိုးအစားတွေနဲ့ ယှဉ်ပြိုင်ရမှာပါ" ဟု ပြိုင်ပွဲကျင်းပမည့် ချောင်းဦးမြို့ ညောင်ပင် ပဇ္ဇောတာရုံကျောင်းတိုက် ဆရာတော်က မိန့်ကြားခဲ့သည်။

အဆိုပါ ဆဋ္ဌမအကြိမ်မီးပုံးပျံလွှတ်ပြိုင်ပွဲ အားနိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ချောင်းဦးမြို့ ညောင်ပင်ပဇ္ဇောတာရုံကျောင်းတိုက်ဝင်းအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးချမ်း(မုံရွာ)**

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ မုံရွာမြို့တွင် စတင်ယှဉ်ပြိုင်

မုံရွာ နိုဝင်ဘာ ၁၇

မြန်မာတစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မုံရွာမြို့တွင် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းမှ စတင်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင်လည်း အရေးပြိုင်ပွဲဝင်များ စတင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အရေးပြိုင်ပွဲကျင်းပနေမှုအခြေနေနှင့်ပတ်သက်၍ ဒိုင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ မုံရွာတက္ကသိုလ် မြန်မာစာဌာနမှ မဟာဂီတစာပေသုတေသီ ဒေါက်တာအောင်နေမျိုးက (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် အရေးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများမှာ စစ်ကိုင်းခရိုင်နှင့် ရွှေဘိုခရိုင်တို့မှ ဝါသနာရှင်(၀)အဆင့် နှစ်ဦး၊ ဝါသနာရှင် (၃)အဆင့်နှစ်ဦး စုစုပေါင်းလေးဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ဝါသနာရှင်(၀)အဆင့်များသည် ပြည်ထောင်စုတေးသံခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်(၃)အဆင့်များသည် ပန်းတိုင်းပွင့်စေချင်ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်လျက်ရှိကြကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အရေးပြိုင်ပွဲဝင်များသည် နိုဝင်ဘာ ၁၆ ရက်က ယှဉ်ပြိုင်ရေးသားထားသည့် တေးသီချင်းစာသားကို ဂီတသံစဉ်ထည့်သွင်းခြင်း၊ သီဆိုသူ၊ တီးမှုတ်သူများဖြင့် တွဲဖက်လေ့ကျင့်ခြင်းပြုလုပ်ပြီး နိုဝင်ဘာ ၁၈ ရက်တွင် သရုပ်ပြသီဆို ပြိုင်ပွဲဝင်ကြမည်ဖြစ်သည်။

တိုင်းဒေသကြီးကိုယ်စားပြု ဒိုင်အဖွဲ့ဝင်ငါးဦးက စိစစ်ရွေးချယ်သွားမည်ဖြစ်ကာ တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား နိုဝင်ဘာ ၁၆ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ မုံရွာမြို့ မြို့တော်ခန်းမနှင့် မိုးလုံလေလုံခန်းမတွင် ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ကာ ထူးချွန်ပြိုင်ပွဲဝင်များအား နိုဝင်ဘာ ၁၉ ရက်တွင် ဆုများပေးအပ်ခြီးမြှင့်ပေးသွားမည် ဖြစ်သည်။ **မိုးချမ်း(မုံရွာ)**

စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၇

ဆင်ပေါင်ဝဲမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများကို ရပ်ကွက်၊ ကျေးရွာများ၌ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ကျောက်ဖြူတောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာ မများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တွဲဖက်တာဝန်ခံ ဦးနိုင်ဦးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဗဟုသုတများကို လက်တွေ့ပြသ ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဒကွ်ိဏာသီရိမြို့နယ် ဒကွ်ိဏာသီရိစျေး၌ စျေးသူ၊ စျေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ယင်းနောက် စျေးသူ၊ စျေးသားများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုစွမ်းရည်များကို သရုပ်ပြသကြသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ စျေးများဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခန့်က စျေးမီးဘေးလုံခြုံရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အငယ်တန်းအင်ဂျင်နီယာ ဦးတင်မျိုးအောင်က လျှပ်စစ်ကြောင့် မီးလောင်မှုများမဖြစ်ပွားစေရေး ကြိုတင်ဆောင်ရွက်ထားသင့်သည်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးတင့်က မီးလောင်မှုဖြစ်ပွားရခြင်း၏အခြေခံသဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အခြေခံအချက်အလက်များနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်တို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **ရွှေကုဏ္ဍိ**

ကန့်ဘလူ–ကျွန်းလှ–ကောလင်းလမ်း(နတလလမ်း)ပေါ်ရှိ ဇော်ချောင်းတံတားပြီးစီး၍ ခရီးသွားပြည်သူများ၊ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်

ကန့်ဘလူ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ-ကျွန်းလှ-ကောလင်းလမ်း(နတလလမ်း) ပေါ်ရှိ ကန့်ဘလူမြို့နယ် ပေါက်ဆိန်ကုန်းကျေးရွာနှင့် သင်တောကျေးရွာကြား ဇော်ချောင်းတံတားအား ကောလင်းမြို့နယ် လမ်းဦးစီးဌာနက ဩဂုတ်လကစတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးခဲ့ပြီဖြစ်၍ ခရီးသွားပြည်သူများ၊ ယာဉ်ကြီး၊ ယာဉ်ငယ်များ စိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် ဇူလိုင်လက မိုးများသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ယခင်ရှိပြီး ကွန်ကရစ်တံတားမှာ ပျက်စီးမှုမရှိသော်လည်း ၎င်းတံတား၏ မြောက်ဘက်ခြမ်း၌ ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်မြေသားပေ ၁၀၀ ခန့်မျောပါသွားပြီး ယာဉ်များ ဖြတ်သန်းသွားလာရန် အဆင်မပြေဖြစ်ခဲ့ရသည်။ သို့ဖြစ်ရာ ကန့်ဘလူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်ဦးဆောင်ကြီးကြပ်မှုနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ယာဉ်ငယ်များနှင့် ပြည်သူများ သွားလာနိုင်ရေး ယာယီတံတား တည်ဆောက်ခဲ့ကြသည်။

ကောလင်းမြို့နယ် လမ်းဦးစီးဌာနက ယခင်ကွန်ကရစ်တံတားနှင့်ဆက်လျက် သံပေါင်ဘေလီတံတားပေ ၁၀၀ ရှိ တံတားတည်ဆောက်ပြီးဖြစ်ရာ ကန့်ဘလူ၊ ကျွန်းလှနှင့် ကောလင်းမြို့နယ်အတွင်းရှိ ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

အောင်ဝင်းဦးမိုး(ကန့်ဘလူ)

❒

လုပ်ငန်းစတင်တည်ထောင်လိုသူများအတွက် Idea Platform for Successful Business Training သင်တန်းဖွင့်

မော်လမြိုင် နိုဝင်ဘာ ၁၇

မွန်ပြည်နယ်အတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များနှင့် လုပ်ငန်းစတင်တည်ထောင်လိုသူများ၏ လုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ စက်မှုကြီးကြပ်ရေး၊ စစ်ဆေးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းတို့ ပူးပေါင်း၍ Idea Platform for Successful Business Training ကိုမော်လမြိုင်မြို့ စေားကြေရုပ်ရှိ ကုန်စည်ပိုင်ခန်းမ၌ နိုဝင်ဘာ ၁၆ မှစတင်၍ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် MHR ကျောင်းတည်ထောင်သူ Prof ဦးအေးကျော်က လူစွမ်းအားအရင်းအမြစ်များ ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရန် sales and marketing နှင့် လုပ်ငန်းလည်ပတ်ရာတွင် စီမံခန့်ခွဲမှုအလေ့အကျင့်ကောင်းများရရှိစေနိုင်မည့် ဘာသာရပ်များအားလည်းကောင်း၊Strategy First Business School မှ ဒေါ်အေးအေးဝင်းက Business Plan၊ စီမံခန့်ခွဲမှုနှင့် ခွဲခြမ်းစိတ်ဖြာနိုင်ရေး မဟာဗျူဟာများ၊ SME များ၏ AEC အခွင့်အလမ်း၊ စီမံခေါ်မှုများနှင့်ပတ်သက်သည့်ဘာသာရပ်များကို လည်းကောင်း ပို့ချခဲ့သည်။

ယင်းပြင် SME Development Department မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးက လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ဂျပန်နိုင်ငံ၏ နည်းလမ်းများဖြစ်သည့် (5S-Kaizen)၊ SME ဖွံ့ဖြိုးရေးလုပ်ရှားမှုများနှင့် Ckuster Development အသိပညာ၊ Business Game (စီပွားရေးလုပ်ငန်းပုံစံငယ်) လှုပ်ရှားမှုဘာသာရပ်များအားလည်းကောင်း၊ MUDO ၏ CEO ဒေါက်တာမျိုးမင်းဂေါင်က စွန့်ဦးတီထွင်လုပ်ငန်းရှင်စံနမူနာများ၊ တီထွင်ဆန်းသစ်ခြင်းမဟာဗျူဟာ၊ တန်ဖိုးမြှင့်ထုတ်ကုန်အတွက်လိုအပ်သော Interpersonal Skill အကြောင်းအရာများ စသည်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိအခြေအနေမှာ မြန်မာ့စီးပွားရေးလုပ်ငန်းတွေဟာ ရေမြေခံဖြစ်တာမို့ စျေးကွက်အခိုင်အမာရရှိထားမှု၊ စီမံအုပ်ချုပ်မှုပုံစံ တိုးတက်မှု၊ စားသုံးသူလိုအပ်ချက်ဖော်ဆောင်မှု၊ ဒေသတွင်းသာမက နိုင်ငံခြားစျေးကွက်ရရှိမှုစတဲ့ Market Innovation တွေဟာ အကောင်းဆုံးပြင်ဆင်မှုဖြစ်ပြီး၊ Challenge စိန်ခေါ်ခြင်းဟာ Chance အခွင့်အရေးဖြစ်လာနိုင်တာမို့ အခုသင်တန်းဟာ လုပ်ငန်းခွင်အတွက် အထောက်အကူပြုမှာဖြစ်တယ်" ဟု မွန်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးနိုင်လဝီအောင်က ပြောသည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ်မှ ထုတ်လုပ်ရောင်းချသူများ၊ သင်းတန်းကျောင်းများနှင့် အိမ်ခြံမြေအကျိုးဆောင်သူများအပါဝင် လုပ်ငန်းရှင်ပေါင်း ၆၄ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ လေးရက်သင်ကြားသွားမည်ဖြစ်သည်။ **ဆက်နေမင်းအောင်**

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးနှောင်းပိုင်း ပဲတီစိမ်း အထွက်နှုန်းနည်းသော်လည်း စျေးကောင်း၍ တွက်ခြေကိုက်

သာစည် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးနှောင်းပိုင်း စိုက်ပျိုးထားသော ပဲတီစိမ်းခင်းများ အထွက်နှုန်းနည်းသော်လည်း ပဲတီစိမ်းစျေးကောင်းဖြင့်ရောင်းချရ၍ ပဲစိုက်တောင်သူများ တွက်ခြေကိုက်ကြောင်း သိရသည်။

ပဲတီစိမ်းကို မိုးဦးကျတစ်ကြိမ်၊ မိုးနှောင်းပိုင်းတစ်ကြိမ် နှစ်ကြိမ်စိုက်ပျိုးကြပြီး မိုးဦးကျစိုက်ပျိုးခြင်းက အပင်ကြီးထွားမှုကောင်းပြီး အထွက်နှုန်းလည်းကောင်းမွန်ကြောင်း၊ မိုးနှောင်းပိုင်းစိုက်ပျိုးမှုမှာ အပင်ဖြစ်ထွန်းမှုအားနည်းပြီး အထွက်နှုန်းလည်းနည်းကြောင်း၊ ပဲတီစိမ်းကို မိုးနှောင်းပိုင်းစိုက်ပျိုးရခြင်းမှာ နောက်ပိုင်းကာလများတွင် ပဲတီစိမ်းစျေး ကောင်းမွန်လေ့ရှိခြင်းကြောင့် တောင်သူအများစု စိုက်ပျိုးကြကြောင်း သိရသည်။

"ပဲတီစိမ်းကို မိုးဦးကျ မိုးနှမ်းနှင့်အတူစိုက်ပျိုးပြီး နှမ်းရိုးကျွတ်အကွက်များတွင် မိုးနှောင်းပိုင်း ပဲတီစိမ်းကို ထပ်မံစိုက်ပျိုးကြပါတယ်။ ပဲတီစိမ်းက အချိန်တိုအတွင်းမှာ အသီးဆွတ်ခူးရောင်းချနိုင်ခြင်းကြောင့် စိုက်ပျိုးသူများပါတယ်။ ပဲတီစိမ်းခင်းကို တစ်ပတ်တစ်ကြိမ်ခန့် ဆေးပက်ဖျန်းပေးရပါတယ်။ မိုးဦးပိုင်းမှာဆိုရင် ပဲတီစိမ်းကို တစ်လခွဲခန့် အသီးခြောက်ကောက်ရပြီး မိုးနှောင်းပိုင်းမှာတော့ တစ်လနီးပါးခန့်ပဲ အသီးခြောက်ကောက်ရပါတယ်။ မိုးဦးပိုင်းက ပဲတီစိမ်းတစ်တင်း ၃၀၀၀၀ ခန့်သာရောင်းချရပြီး ယခုမိုးနှောင်းပိုင်းတွင် ပဲတီစိမ်းတစ်တင်း ၃၀၀၀၀ ခြောက်ထောင်ခန့် ရောင်းချရပါတယ်။ မိုးနှောင်းပိုင်း ပဲတီစိမ်းများပေါ်ချိန် ပဲစျေးကောင်းရပြီး ပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိပါတယ်" ဟု သာစည်မြို့နယ် နှမ်းကန်ကျေးရွာဒေသခံတစ်ဦးက ပြောပြသည်။

မျိုးမင်း(သာစည်)

မုံရွာမြို့ရှေစည်ခုံဘုရားကြီးတွင် မသိုးသက်နှီးကပ်လှူပူဇော်ပွဲနှင့် ရက်ကန်းပြိုင်ပွဲ ကျင်းပမည်

မုံရွာ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သမိုင်းဝင်ရှေစည်းခုံဘုရားကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မသိုးသက်နှီးကပ်လှူပူဇော်ပွဲ၊ ရက်ကန်းပြိုင်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၂၅ ရက်) ညပိုင်းတွင် (၁၆) ကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မသိုးရက်ကန်းပြိုင်ပွဲကို နှစ်စဉ်ကျင်းပလာတာ (၁၆)ကြိမ်မြောက်ရှိသွားပြီ။ ဒီနှစ် ပြိုင်ပွဲဝင်မဲ့အသင်း ဒီနေ့အထိ အသင်း ၁၀ သင်း စာရင်းလာပေးထားတယ်။ အဲဒီထဲက ငါးသင်းကို နိုဝင်ဘာ ၁၉ ရက်မှာ မဲစနစ်နဲ့ရွေးပြီး ပြိုင်ပွဲဝင်ရမှာပါ။ ပြိုင်ပွဲအသင်းတွေ အနေနဲ့ လေ့ကျင့်စေနိုင်ဖို့အတွက် နိုဝင်ဘာ ၂၃ ရက်ကနေ ၂၅ ရက် မွန်းတည့် ၁၂ နာရီအထိ လေ့ကျင့်ချိန်ပေးထားပါတယ်။

"ပထမဆုအနေနဲ့ ကျပ်သုံးသိန်း၊ ဒုတိယဆုကို ကျပ်နှစ်သိန်း၊ တတိယဆုကျပ်တစ်သိန်းခွဲနဲ့ နှစ်သိမ့်ဆုနှစ်ဆုကို ကျပ်ရှစ်သောင်းကျပ်နှုန်းနဲ့ ချီးမြှင့်သွားမှာပါ။ ပြီးခဲ့တဲ့(၁၅) ကြိမ်မြောက် ပြိုင်ပွဲတုန်းက ပထမဆုကို မဏိစန္ဒာစင် (ဒါန်းပဲတဲကျေးရွာ)၊ ဒုတိယဆုကို ဝဏ္ဏပါဘာစင် (ခိုးသန်းကျေးရွာ)၊ တတိယဆုကို ဒေဝစ္ဆသာစင်(တုံ-ထန်းတောကြီးကျေးရွာ)တို့က ရရှိခဲ့ပါတယ်"ဟု ရှေစည်ခုံ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုနှစ်တွင်လည်း မုံရွာမြို့နယ်အတွင်းမှ ရက်ကန်းလုပ်ငန်းများ

မုံရွာမြို့ ရှေစည်းခုံစေတီတော်မြတ်ကြီး မသိုးသက်နှီးရက်ပြိုင်ပွဲ ကျင်းပနေစဉ်။

အများဆုံးလုပ်ကိုင်သော ခိုးသန်း၊ ဒါန်းပင်တဲကျေးရွာနှင့် ဆားလင်းကြီးမြို့နယ်အတွင်းမှ တုံ-ထန်းတောကြီးကျေးရွာတို့မှ အများဆုံးလာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် မဏိစန္ဒာရက်ကန်းစင်၊ သူရိယဝဏ္ဏသာစင်၊ ဒေဝစ္ဆရာစင်၊ ဝဏ္ဏပါဘာစင်၊ ဓာတုကလျာစင် ငါးစင်ဖြင့် ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ကသာမြို့၏ ရေထွက်ကုန် ငါးချဉ်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ

ကသာ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၏ ရေထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်သော ငါးကြီးချဉ်၊ ငါးလေးချဉ်၊ ငါးဖယ်ချဉ်လုပ်ငန်းများသည် အနယ်နယ်အရပ်ရပ်မှ ဝယ်ယူစားသုံးမှုများပြားလာသဖြင့် စျေးကွက်ကျယ်ပြန့်စွာ ရောင်းချနေလျက်ရှိကြောင်း သိရသည်။

"ကသာမြို့နယ်မှာ အင်းပေါင်း ၇၄ အင်းမှထွက်ရှိတဲ့ ငါးလူး၊ ငါးပျက် (အင်းသမားအခေါ် ငါးဒဂ်ီး) ငါးကြင်း၊ ငါးသေး၊ ငါးလတ်တွေကို ငါးချဉ်လုပ်ကိုင်သူတွေက ဝယ်ယူပြီး ခေါင်းဖြတ်ခြင်း၊ ချေးဖောက်ခြင်း၊ ရေစင်အောင်ဆေးခြင်းများ ပြုလုပ်ရပါတယ်။

"ရေဆေးပြီးငါးတွေကို အမျိုးအစားလိုက်ခွဲကာ ငါးကြီးချဉ်ပြုလုပ်မယ့် ငါးကြင်းအချိန် ၁၀၀ ကို မနော်ဆန်ရှစ်ပြည် (ချက်ပြီးသားထမင်း) နဲ့ ဆားငါးပိသာ၊ ငါးလေးချဉ်ပြုလုပ်မည့် ငါးလူး၊ ငါးပျက်နဲ့ ငါးသေး၊ ငါးလတ်မျိုးစုံ အချိန် ၁၀၀ ကို မနော်ဆန်ခုနစ်ပြည် (အသင့်ချက်ပြီးထမင်း) နဲ့ ဆားငါးပိသာ ကိုရောနှောပြီး ငါးချဉ်မွေ့သောသစ်သားစည်ပိုင်းတွင် သမအောင်နယ်ရပါတယ်။

"နောက် ရလာတဲ့ငါးချဉ်များကို အနည်းဆုံး ၂၅ ကျပ်သား၊ တစ်ပိသာ၊ ငါးပိသာ၊ ၁၀ ပိသာ၊ ၁၅ ပိသာအထုပ်တွေကို အင်ဖက်များနဲ့ အသီးသီးထုပ်ပြီး တစ်ပိသာဌေကျပ် ၄၀၀၀ နဲ့ ရောင်းချပါတယ်" ဟု ငါးချဉ်ပြုလုပ်ရောင်းချသည့် လုပ်ငန်းရှင် တစ်ဦးကပြောပြသည်။

ငါးချဉ်လုပ်ငန်းလုပ်ကိုင်ရာတွင် မိသားစုအလိုက် ပြုလုပ်ခြင်းများရှိသလို အချို့မှာ အမျိုးသား၊ အမျိုးသမီးလုပ်သားများကို ငှားရမ်း၍ အမျိုးသမီးများ ငါးခေါင်းဖြတ်ခြင်း၊ ငါးချေးဖောက်ခြင်းများပြုလုပ်

ရာတွင် ငါးအချိန် ၁၀၀ လျှင် ဌေကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ အထိရရှိကြပြီး အမျိုးသားလုပ်သားများမှာ ငါးရေဆေး၊ ငါးရေစစ်၊ ငါးချဉ်နယ်ရသည့် လုပ်ငန်းများတွင် ငါးပိသာအချိန် ၁၀၀ လျှင် ဌေကျပ် ၁၀၀၀၀ ရရှိကြောင်း သိရသည်။

ငါးချဉ်လုပ်ငန်းလုပ်ကိုင်သူများသည် ဒေသအကြိုက် နှစ်သက်ရာအကောင်လိုက် ငါးချဉ်နှင့် ဓားဖြင့်လှီးရသော အကြေငါးချဉ်များကို ပြုလုပ်ပေးရပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မိုးကောင်း၊ ပင်ဘော၊ ဖားကန့်၊ ဆိုင်းတောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို့၊ ပင်လည်ဘူး၊ ရွှေဘို၊ ခင်ဦး၊ တန့်ဆည်လမ်းဆုံတို့ကို စျေးကွက်ကျယ်ပြန့်စွာ ရောင်းချလျက်ရှိပြီး အင်းပိတ်ရာသီဖြစ်သည့် သီတင်းကျွတ်လမှ တပေါင်းလအထိပြုလုပ်နိုင်ကြောင်း ငါးချဉ်လုပ်ငန်းထုတ်လုပ်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

စိုင်းလူမင်း

တောင်တက်ကားများ အဆင်ပြေ၍ မန္တလေးတောင်ပေါ်တွင် ဘုရားဖူးလာသူ များပြားလာ

မန္တလေး နိုဝင်ဘာ ၁၇

ပွင့်လင်းရာသီရောက်ရှိလာချိန်တွင်မန္တလေးမဟာမုနိနှင့်မန္တလေးတောင်တော်ပေါ်အထိ ပြေးဆွဲသော မန်းစစ်သည် ၁၆ ကားများသည် ဘုရားဖူးခရီးသည်များကို အဓိကထားပြေးဆွဲပေးခြင်းကြောင့် မန္တလေးတောင်တော်ပေါ်သို့ လာရောက်ဘုရားဖူးသူများ များပြားလာကြောင်း သိရသည်။

လိုင်းကားစုစုပေါင်း ၄၅ စီးကျော်ရှိပြီး ဘုရားကြီးမှ လမ်း ၈၀ အတိုင်း မန္တလေးတောင်တော်ပေါ်ထိ ပြေးဆွဲခြင်းဖြစ်ကာ စနစ်တကျနှင့် စည်းကမ်းရှိစွာပြေးဆွဲပြီး ငါးမိနစ်တစ်စီးထွက်ရကာ ကားတစ်စီးလျှင် တစ်နေ့သုံးခေါက်ခန့်ပြေးဆွဲနိုင်သည်။

ကားတစ်စီးလျှင် ၂၅ ယောက်ထိတင်ဆောင်ပြီး မဟာမုနိဘုရားကြီးမှ မန္တလေးတောင်တော်ပေါ်ထိ ဌေကျပ် ၇၀၀ ယူကာ လမ်းမှနေတက်ကာ တောင်ပေါ်ထိတက်လျှင် ဌေကျပ် ၅၀၀ ယူဆောင်ကြောင်း သိရသည်။

အခါကြီးရက်ကြီးများနှင့် ရာသီဥတုကောင်းသည့်ရက်များတွင် ဘုရားဖူးခရီးသည်များ လာရောက်လေ့ရှိပြီး လက်ရှိကာလ ပွင့်လင်းရာသီရောက်လာသည့်အတွက် မန္တလေးတောင်ပေါ်သို့ ဘုရားဖူးများစွာ လာရောက်လျက်ရှိသည်။

မန္တလေးမြို့တွင် မြို့နေလူဦးရေနှင့်အညီ သွားလာမှုလွယ်ကူစေရေး မော်တော်ယာဉ်လိုင်းအသီးသီးဖြင့် သတ်မှတ်လမ်းအတိုင်း ပြေးဆွဲပေးလျက်ရှိကာ ထိုသို့သောယာဉ်များထဲတွင် မဟာမုနိဘုရားကြီးတွင် ဂိတ်ထိုးကာ မန္တလေးတောင်တော်နှင့် ပြေးဆွဲနေသော မန်းစစ်သည်အမှတ် (၁၆) ကားများလည်းပါဝင်သည်။

မန်းစစ်သည်ကားများအများစုမှာ ခေတ်ပေါ်လိုက်ထရပ်(စ်)ကားများ အများဆုံးပါဝင်ပြီး မူလက ဟိုင်းလပ်ကားများပြေးဆွဲသော်လည်း ခေတ်ကာလအရ လိုက်ထရပ်ကားများ အစားထိုးပြေးဆွဲလာကြကာ လိုက်ထရပ်ကားများမှာ ဌေသိန်း ၁၅၀ ကျော်နှင့် ဝယ်ယူရရှိသည့်အတွက် ကားထောင်ကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ပိုများလာခြင်းဖြစ်သည်။

ဘုရားဖူးများမှာ အုပ်စုလိုက် အဘွားကားများဖြင့် လာရောက်သလို ကိုယ်ပိုင်ကားများဖြင့်လည်း တောင်ပေါ်အထိ တက်လေ့ရှိပြီး အခါကြီးရက်ကြီးများနှင့် စနေ၊ တနင်္ဂနွေနေ့တို့တွင် ပိုမိုလူစည်ကားကာ ညနေပိုင်းသုံးနာရီခန့်မှစကာ နိုင်ငံခြားသားခရီးသွားဧည့်သည်များဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

တိမ်တမန်

ကျေးလက်ဒေသများတွင် သုံးဘီးဆိုင်ကယ်ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေ

သာစည် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် သုံးဘီးဆိုင်ကယ်များ အသုံးပြုသူများပြားလာခြင်းတို့ကြောင့် လယ်ယာထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကားရာတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသ လယ်ယာလုပ်ငန်းများမှထွက်ရှိသော သီးနှံများရောင်းဝယ်ရာတွင် ယခင်က မြင်းလှည်း၊ နွားလှည်းများဖြင့် သယ်ယူဆောင်ရွက်ကြရပြီး ယနေ့အချိန်တွင် ကျေးလက်ဒေသများ၌ သုံးဘီးဆိုင်ကယ်များ တွင်ကျယ်စွာ အသုံးပြုဆောင်ရွက်လာခြင်းတို့ကြောင့် သီးနှံများရောင်းဝယ်မှုပြုရာတွင် သုံးဘီးဆိုင်ကယ်များကို အဓိကအသုံးပြုလာကြသည်။

"ကျွန်တော်တို့ကျေးရွာက မြို့နဲ့ တစ်မိုင်ကျော်ပဲဝေးတယ်။ မြို့ကို သီးနှံတွေရောင်းချရာမှာပဲဖြစ်ဖြစ်၊ စျေးပို့စျေးကြို၊ ကျောင်းပို့ကျောင်းကြိုသွားလာရာမှာပဲဖြစ်ဖြစ် သုံးဘီးဆိုင်ကယ်ကို အဓိကအသုံးပြုကြပါတယ်။ ကျောင်းသားတွေ မူလတန်းအောင်ရင် အလယ်တန်းကို မြို့ကျောင်းကိုသွားတက်ရတယ်။ ယခင်က စက်ဘီးနဲ့သွားတာရှိတယ်။ ခြေကျင်သွားတာရှိတယ်။ သုံးဘီးဆိုင်ကယ်နဲ့ လပြတ် ကျောင်းပို့ကျောင်းကြိုလုပ်ပေးရတယ်။ သီးနှံရောင်းဖို့ တစ်ဦးတည်းအော်ဒါခေါ်ရင် ကျပ် ၃၀၀၀ ပေးပြီး ငှားရမ်း ရတယ်။ အခုလို ဝရုတ်သီး၊ ပဲတီစိမ်း၊ မြေပဲ သီးနှံပေါ်ချိန်ဆိုရင်ငှားရမ်းသူ များတဲ့အတွက် သုံးဘီးဆိုင်ကယ်သမားများ ဝင်ငွေကောင်းပြီးတွက်ခြေ ကိုက်နေကြပါတယ်" ဟု သာစည်မြို့နယ် ကျီတိုင်ကုန်းကျေးရွာမှ သုံးဘီးဆိုင်ကယ်သမားတစ်ဦးက ပြောပြသည်။

မျိုးမင်း(သာစည်)

ကျေးလက်နေအိမ်ထောင်စုများအတွက် စွမ်းအားမြှင့်မီးဖိုများ အခမဲ့ထောက်ပံ့ဖြန့်ဝေ

ပုလဲ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ကျေးလက်နေအိမ်ထောင်စုများသို့ စွမ်းအားမြှင့်မီးဖိုများ အခမဲ့ထောက်ပံ့ဖြန့်ဝေပွဲအခမ်းအနားကို ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဟိန်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုကို လျှော့နည်းပယောက်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် မြို့နယ်အတွင်းရှိ ချောင်းကန်၊ သာယာကုန်း၊ အေးကုန်း၊ ကုက္ကို့ကုန်း၊ မြကုန်း၊ ညောင်ကုန်း၊ ဇီဖြူးကုန်း၊ သပြေကုန်း၊ နားတော်လျှောက်၊ အိုင်ရောင်း၊ ဦးနှောက်နှင့် တောင်ရွာ သစ်ကျေးရွာနေ အိမ်ထောင်စုများသို့ စွမ်းအားမြှင့်မီးဖိုများကို တစ်ရွာလျှင်အလုံး ၅၀ဖြင့် စုစုပေါင်း အလုံး ၆၀၀ ကို အခမဲ့ထောက်ပံ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ပုလဲမြို့ နယ်အတွင်းရှိ ကျေးလက်နေအိမ်ထောင်စုများအတွက် စွမ်းအားမြှင့်မီးဖိုများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၄ ရွာအတွက်အလုံး ၇၁၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာအတွက် အလုံး ၆၅၀ အခမဲ့ထောက်ပံ့ဖြန့်ဝေခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မင်းခန့်စိုး(ဧရာဝတီ)

ငါးလကြာမဟာသရဏဂုံတော်ကြီးရွတ်ဖတ်ပူဇော်ပွဲကျင်းပ

ယင်းမာပင် နိုဝင်ဘာ ၁၇

လယ်တီမမ္မအောင်မြေများစွာတို့တွင် တစ်ခုအပါအဝင်ဖြစ်သော ယင်းမာပင်ခရိုင် ရွှေတောင်ဦးစေတီတော်မြတ်ကြီး၏ပရိဝုဏ်အတွင်း လယ်တီရိပ်သာကြီးတွင် တန်ဆောင် မုန်းလဆန်း ၁ ရက် (နိုဝင်ဘာ ၁၂ ရက်) မှ တပေါင်းလဆုတ် ၁၅ ရက် (၂၀၁၆ ဧပြီ ၇ ရက်) ထိ မဟာသရဏဂုံတော်ကြီး ရွတ်ဖတ်ပူဇော်ပွဲကို ငါးလတိုင် ကျင်းပလျက်ရှိကြောင်း သိရသည်။

ပထမလယ်တီ ဆရာတော် ဘုရားကြီးသည် တိုင်းကျိုးပြည်ကျိုး သာသနာတော်မြတ်၏ အကျိုးကိုမျှော်၍ နယ်ပယ်အသီးသီးသို့ ခွန်ပေါင်း ၂၀ ခန့် လှည့်လည်ပြီး အဘိဓမ္မာတရားရင်းကြီးကို ပါဠိမဖက်ဘဲ မြန်မာစကားဖြင့် ရဟန်းရှင်လူတို့အား ဟောပြောသွန်သင်ခဲ့ပြီးနောက် လူရဟန်းတို့ ရောပွန်းခြင်းမရှိသော မုံရွာမြို့မြောက်အရပ် အလုံ မြို့အရှေ့ဘက်ကြေးခေါင်ကြီးတောရသို့ ၁၂၇၉ ခုနှစ် သီတင်းကျွတ်လကွယ်နေ့တွင် ကြွရောက်တော်မူခဲ့သည်။

ယင်းနောက် တန်ဆောင်မုန်းလဆန်း ၁ ရက်မှစ၍ ဗုဒ္ဓမဟာသရဏဂုံတော်ကြီး ဓမ္မမဟာသရဏဂုံတော်ကြီး သံဃာ့မဟာသရဏဂုံတော်ကြီး အကြိမ်ပေါင်း ၁၄၄၀ ကို နေ့ညမစဲ အမြဲမပြတ်ပူဇော်ရာ တပေါင်းလကွယ်နေ့အထိ ငါးလတိုင် မဟာသရဏဂုံတော်ကြီးကို အကြိမ်ပေါင်း ၂၁၁၆စ၀၀ မျှ ဆုံးခန်းတိုင်ပြီးစီးခဲ့သည်။

ပြီးမြောက်အောင် ရွတ်ဖတ်ခဲ့သော ကြေးခေါင်ကြီးတောရသည် ဆရာတော်ကြီး၏ တတိယမြောက်အောင်မြေဖြစ်သည်။ လယ်တီဆရာတော်ကြီး၏ အောင်မြေများစွာအနက် မုံရွာနယ်တွင် အောင်မြေလေးနေရာရှိသည်။ ပထမအောင်မြေမှာ ဆရာတော်ကြီးမွေးဖွားရာ စိုင်ပြင်ကြီးကျေးရွာ၊ ဒုတိယအောင်မြေမှာ မုံရွာမြို့ မဟာလယ်တီတိုက်ကြီး၊ တတိယအောင်မြေမှာ မဟာသရဏဂုံကုန်းတော်ဟု ခေါ်သော ကြေးခေါင်ကြီးတောရနှင့် စတုတ္ထအောင်မြေမှာ ရွှေတောင်ဦးသာသနာ့မြေတို့ဖြစ်သည်။

"လယ်တီဆရာတော်ဘုရားကြီး ငါးလတိုင်တိုင် နေ့ညမစဲရွတ်ဖတ်ပူဇော်အောင်မြင်ခဲ့သည့် မဟာသရဏဂုံတော်ကြီးကို ဆရာတော် သံဃာတော် ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ စုပေါင်းပြီး ငါးလတိုင် ရွှေတောင်ဦးသာသနာ့မြေမှာရှိတဲ့ လယ်တီရိပ်သာကြီးမှာ ရွတ်ဖတ်ပူဇော်နေပြီဖြစ်ပါတယ်။ ဆရာတော်ကြီးရွတ်ဖတ်ပူဇော်တာ ၁၂၇၉ ခုနှစ်ကဆိုတော့ အခု ၉၈ နှစ်ပြည့်မြောက်ချိန်ဖြစ်ပါတယ်" ဟု လယ်တီတောရသာဝကတစ်ဦးက ပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

မိုးစပါးအထွက်နှုန်းမှန်ကန်ရေးစံကွက်ရိတ်သိမ်း

ပဲခူး နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဆောင်လျက် ဝေါ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်ငါးဦးနှင့်အတူ ဝေါ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်း ၃၅ ဦးတို့ဖြင့် စုပေါင်း၍ ဝေါ်မြို့နယ် အရှေ့ဘက်ကမ်းရပ်ကွက် ကွင်းအမှတ်(၇၉၈)၊ ကမာကတဲအနောက်ကွင်း ဦးပိုင်အမှတ်(၈/၈) ဧရိယာ (၃ ဒသမ ၇၀) ဧကရှိ တောင်သူဦးဝဏ္ဏပိုင်ဆိုင်သော လယ်မြေမျိုးကြီးပေါ်တွင် ဆင်းသုခ မျိုးစပါးစိုက်ပျိုးထားမှုအား မိုးစပါးအထွက်နှုန်းမှန်ကန်ရန် စုပေါင်းစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအစိုထွက် (၉၂ ဒသမ ၆၀)တင်း ထွက်ရှိခဲ့ပါသည်။ **(၅၈၈)**

အယ်ဒီတာထံပေးစာ

ဆိုးဆေးအနုံများကြောင့်ပတ်ဝန်းကျင်ထိခိုက်

မော်လမြိုင်မြို့ သာယာကုန်းရပ်ကွက် အောက်လမ်းမကြီး အစိုးရဘဏ်နှင့် ကပ်လျက် အိမ်တစ်အိမ်သည် လူနေ ထူထပ်ပြီး သပ်သည်းမှုရှိသည့်နေရာတွင် ပလတ်စတစ်ဆိုင်းဘုတ်လုပ်ငန်း လုပ်ကိုင်လျက်ရှိပါသည်။ ထိုဆိုင်းဘုတ်လုပ်ငန်းမှ ဆိုင်းဘုတ်ဖြတ်သံများ၊ ဆိုင်းဘုတ်ဆေးမှုတ်ရာမှ ဖြစ်ပေါ်လာသော အနုံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများမှာ နေ့စဉ်ဆူညံများဖြင့် စိတ်အနှောင့်အယှက်ဖြစ်နေရခြင်း၊ ဆိုးဆေးအနုံ့ဆိုးများကို ရှူရှိုက်နေရခြင်းကြောင့် ပတ်ဝန်းကျင်ရပ်ကွက်သားများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ

မီးဘေးအန္တရာယ်စိုးရိမ်ရ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းနှင့် မဟာမြင့်မိုရ်လမ်းထောင့် အုတ်တံတိုင်းခြံစည်း ရိုးဘေး ပျံကျဈေးသည်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ၎င်းဆိုင်မှ ဂတ(စ)မီးဖိုအသုံး ပြုခြင်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းတို့ကြောင့် အဆိုပါဆိုင်အား အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးအန္တရာယ် စိုးရိမ်သူ**

ကျောက်ကားများ ဖယ်ရှားပေးစေလို

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၃)ရပ်ကွက် ဗောဓိပင်လမ်းညောင်ပင်ကုန်းကူးတို့ဆိပ်တွင် ကျောက်ကားများ အတင်အချပြုလုပ်နေပါသဖြင့် ခရီးသွားစေ့းသည်များ မကြာခဏ ကျောက်ခဲနင်းမိ၍ ချော်ကြပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ခရီးသွားပြည်သူများ

ပုံနှိပ်စက်သံဆူညံ

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် အောက်ပုဇွန်တောင်လမ်းကြီး တိုက်(၃၂၆) မြေညီထပ်တွင် စာပုံနှိပ်စက် လေး၊ ငါးလုံးဖြင့် ညအချိန်မတော်ထိ စက်သံဆူညံစွာလုပ်ကိုင်နေပါ၍ ကျန်းမာရေးမကောင်းသူများ၊သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများ အတွက် အနှောင့်အယှက်ဖြစ်နေပါသည်။ ထိုစက်သံသည် ရပ်သည်မရှိဘဲ နေ့ရောညပါ စက်ရိုက်၍ အနီးရှိ အိမ်များတုန်ခါသည့်အထိဖြစ်ရပါသည်။

သို့ပါ၍ ပုံနှိပ်စက်ကို စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးနိုင်ရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြပါသည်။

လမ်းသူလမ်းသားများ

တောင်ပင်လယ်နှင့် မြောက်ပင်လယ် ဆည်အားကြည့်ရှုစစ်ဆေး

မြင်းခြံ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့၏မြောက်ဘက်တွင် မြန်မာနိုင်ငံတော်၏ တစ်ခုတည်းသော ဆည်ညီနောင်ဖြစ်သည့် တောင်ပင်လယ်နှင့် မြောက်ပင်လယ်ဆည်သို့ မန္တလေးတိုင်းဒေသကြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဦးမြင့်သန်းသည် နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲ တွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်သန်းအား ခရိုင်ဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်အေးတို့က တောင်ပင်လယ်နှင့် မြောက်ပင်လယ်ဆည်တို့၏ ရေကာနံရံကျောက်ရိုးစီ (Parapet) တည်ဆောက်ခြင်း၊ တမံထိပ်အကာအရံတိုင်များ(Guard Post) များတည်ဆောက်ခြင်း၊ ရေဝင်ရောက်မှု၊ သိုလှောင်နိုင်မှု၊ ရေပေးဝေနိုင်မှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးမှ ရေပေးမြောင်းများ ပြင်ဆင်ခြင်းကို ရေပေးဝေမှုအား ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

စော်မင်းနိုင်(မြင်းခြံ)

ပဂ္ဂိုလ်တာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
(၂၆)ကြိမ်မြောက် ဘုံကထိန်လျှာသက်နိုး ဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ
ပဂ္ဂိုတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် ပုရိမဝါမှ ထတော်မူကြကုန်သော သံဃာတော် အရှင်မြတ်များ နှင့် ပင့်သံဃာအရှင်မြတ်များအား (၂၆) ကြိမ်မြောက် ဘုံကထိန်လျှာသက်နိုး ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ ကိုယ်တိုင် ဆက်ကပ် လှူဒါန်းပြီး တရားတော်နာ ကြွရောက်ကြပါရန် ဓမ္မမိတ်ဆွေ အပေါင်းတို့ အား မေတ္တာရှေ့ထား၍ လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။
ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအခွဲ.
အစီအစဉ်
ကျင်းပမည့်နေရာ --- ပဂ္ဂိုတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အမှတ်(၈၀-က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ကျင်းပမည့်နေ့ --- ၁၃၇၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်
၂၂-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် --- နံနက် (၈း၃၀) နာရီ

သရဇု မြတ်နိုးသူ Travels
Nov: ခရီးစဉ်များ
5000,8000/12000
40000, 60000
20000, 35000
27000, 35000
27000, 35000
65000
Ph: 01-551453, 09-5156297, 09-5014517, 09-450063758

ဝယ်ကြမယ် ဝမ္မဒါန
တောင်ကြီး အင်းလေး၊ ပင်းတယ၊ ကက္ကူ
ထန်စန်း(ထမင်းကျွေး-၅၀၀၀ဝ/-)
ကိုကိုထီးဦး ကိုကြွမ်း၊ ဝက်ရ၊ နွားလပို့
(တစ်ဦး-၅၀၀၀/-)
Nov 20,24,25
* 420144148, 421153797

ကား မျိုးစုံ
(Alphard/Crown/MarkII/အန်စာတုံ/Hiace ၉/ဘုရားကက်စ်။ ၂၄/၂၆/ဘုရ/၄၅/ ၄၉ ဖယာက်စ်။) များကို ခရီး၊စဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိန်သာဝယ်ရောင်းနှုန်း ပြင်ဆင်ကာ ပို့ကိုက်ပါသည်။
Ph: 09795549249, 095418126

အမည်ပြောင်း
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးမြင့်စိုး-ဒေါ်နန္ဒာအောင်၏သား၊ အမက(၃)မူလွန် ဗဟန်း တတိယတန်းမှ မောင်ကောင်းမြတ်သူအား မောင်-ကောင်း မြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်ကောင်းမြတ်ကျော်

English Language Programs @ WISE College
အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုရေးသားလိုသူများအတွက် WISE College မှ English Language Programs များအား ဖွင့်လှစ်သင်ကြားပေးသွားပါမည်။
1. Strengthening English Skills for Youths (SESY)
(Mon, Tue, Wed & Thur) (10:00 – 11:30) or (6:00 – 7:30 pm)
2. English for Business Communication (EBC)
(Sat & Sun) (1:00 – 3:30 pm)
100% FOC for WISE College's ABE Student
အမှတ်စဉ် (၁) သင်တန်းအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်လိုသော လူငယ်များကို ရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်ပါသည်။ ESL ဘာသာရပ်များဖြစ်သည့် Communicative English Skills, Reading & Creative Writing, Grammar & Usages, Effective Presentation Skill, Vocabulary Enrichment စသောဘာသာရပ်များကို ကိုယ်တိုင်ပါဂါလက်တွေ့ သင်ယူသောသင်ကြားနည်းစနစ်ဖြင့်သင်ကြားပေးသွားမည်ဖြစ်ပါသည်။
အမှတ် (၂) သင်တန်းအတွက် စီးပွားရေးလုပ်ငန်းများမှ Executive Level ပန်ထမ်းများနှင့် အစိုးရ ဌာနများရှိ အရာရှိ၊ အရာခံ တာဝန်ထမ်းဆောင်နေသူများအတွက် နိုင်ငံခြားသားများနှင့် ပြောဆိုဆက်သွယ် လုပ်ကိုင်ရာတွင် လုပ်ငန်းခွင် အင်္ဂလိပ်ဘာသာစကား အခက်အခဲကို ဖြေရှင်းနိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်သော သင်တန်း ဖြစ်ပါသည်။ သင်ကြားမှုအတွေ့အကြုံရှိ Local နှင့် Native Speaker Trainer များမှ လေ့ကျင့်သင်ကြားပေးမည် ဖြစ်ပါသည်။ သင်တန်းများကို ဒီဇင်ဘာလတွင် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။
"We are not Selling Education"
WISE College, No.1009 (A & B), 10th Floor, Yuzana Tower, Shwe Gone Dine, Bahan Tsp.
Ph : 01-556183, 09-253 528 520, 09-253 528 521

HEALTHY LIFE
ကျန်းမာလုပလှုပ္ပဘဝဂျာနယ်
ဆီးချိုနှင့် အထွေထွေရောဂါအထူးကု ပါမောက္ခဒေါ်သန်းသန်းအေး၊ ပါမောက္ခဦးကိုကို၊ အာဟာရအထူးကု ဒေါက်တာဒေါ်ဝင်းဝင်းမြင့်၊ သားဖွားမီးယပ်အထူးကု ဒေါက်တာစိုးလွင်၊ စိတ်ကျန်းမာရေးအထူးကု ပါမောက္ခဦးဘုဏ်ဝင်းကျော်၊ အရေပြားအထူးကု တွဲဖက်ပါမောက္ခဒေါ်မြတ်စန္ဒာကျော်၊ စိတ်ပညာရှင်ပါမောက္ခဒေါ်နီလာကြူ၊ ဒေါက်တာမိုးအောင်ကျော်နိုင် စသည့် ပညာရှင်တို့၏ ဆေးလောကအတွေ့အကြုံနှင့် ဗဟုသုတရဖွယ်ရာ ဆောင်းပါးကောင်းများ
ယခုတစ်ပတ်အတွက် ► ကလေးလူကြီးအရွယ်မရွေးအတွက် ကျန်းမာလုပ ဘဝနေနည်းများ၊ ပြည်တွင်းပြည်ပ ကျန်းမာရေးသတင်းများ၊ အခြေခံလူတန်းစားတို့အတွက် ကျန်းမာရေးပရဟိတ၊ အလုမယ်မောဘရက်ဗီသော်၏ ကျန်းမာလုပလုပ္ပဘဝ၊ ဇင်ဇင်ဇော်မြင့်တို့မိသားစု၏ ကျန်းမာရေးနည်းလမ်းကောင်းများ စသည်တို့ကို ဝေဝေဆာဆာဖော်ပြ၍ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ။
HEALTHY LIFE ဂျာနယ် ဗုန်း – ၀၉ ဂုဂ ၅၁၈၅၆၇၊ ၀၉ ၅၀၈၀၀၆၅၅ ၀၉ ၅၁၃၀၉၆
အပတ်စဉ် သောကြာနေ့တိုင်း ထွက်နေပါပြီ

ကျန်းမာရေးထောင်းပါး

"ဆောင်းဥတုတွင် အအေးမပပ်စေရန် သတိချပ်ပါ"

à ကြည်လွင်မြင့် (မုဒ္ဒာ)

ဆောင်းဥတုတွင် အဖြစ်များသောရောဂါမှာ အအေးပပ်ခြင်းပင်ဖြစ်သည်။ အသက် ၈၅ နှစ် အရွယ်အမေအို တစ်ဦးသည် ညအိပ်ရာဝင်ချိန်ကအကောင်း၊ စောင်ပါးပါး တစ်ထည်ခြုံအိပ်ပြီး နံနက်လင်းပိုင်းတွင် စောင်လွတ်သွားပြီး လေဖြတ်သွားသည်ကိုတွေ့ရသည်။ အအေးပပ်ခြင်းကြောင့် နှလုံးပုံမှန်အလုပ်မလုပ်တော့ဘဲ လေဖြတ်ရခြင်းဖြစ်သည်ဟု ဆေးရုံမှ ကောက်ချက်ချသည်။

အပူအအေးပြောင်းလဲချက်ကြောင့် နှလုံးကြွက်သားနှင့် သွေးလွှတ်ကြောများ အပြောင်းအလဲဖြစ်ခြင်း၊ သွေးကြော ကျုံ့ခြင်း၊ သွေးဆောင့်တိုးခြင်းကြောင့် ဦးနှောက်သွေးကြော ပေါက်ခြင်း၊ လေဖြတ်ခြင်း၊ လေသင်တုန်းဖြတ်ခြင်းများဖြစ်နိုင်သဖြင့် လူကြီးများ ညအိပ်ရာဝင်ချိန်တွင် စောင်ပါးပါး ခြုံခြင်းကို သတိပြုသင့်သည်။ နံနက်လင်းချိန်တွင် အအေးပိုလာမည်ဖြစ်သဖြင့် စောင်ထူထူခြုံပေးခြင်းကသာ အကောင်းဆုံးကာကွယ်နည်းဖြစ်သည်။

ရေချိုးမှားခြင်း၊ အဆုတ်အအေးပပ်ခြင်းလည်း ဆောင်းဥတုတွင်သာ အဖြစ်များပါသည်။ နံနက်စောစော ရေချိုးပြီး အလုပ်သွားလေ့ရှိသူများသည် ရေမချိုးမီ ဝမ်းတွင်းမှ အပူများ ဗြိမ်းသွားအောင် ရေအေးတစ်ခွက်သောက်ပြီးမှ ရေချိုးသင့်သည်။ ရေချိုးလျှင် ခြေဖျား၊ ဒူးအောက်ပိုင်းမှစပြီး တဖြည်းဖြည်းအထက်သို့တက်ပြီး ရေလောင်း၊ စိတ်ရှည်ရှည်ဖြင့် အပေါ်ပိုင်းရောက်သည်အထိ ရေကို တစ်ဆင့်ချင်းလောင်းချိုးသင့်သည်။

ရေအေးလွန်းလျှင် ရေနွေးစပ်ချိုးသင့်သည်။ ရေနွေးချိုးလျှင် သို့မဟုတ် ရေပူစက်ဖြင့်ရေချိုးလျှင် နောက်ဆုံး အဆုံးသတ်တွင် ရေအေး ၃-၄ ခွက် လောင်းချိုးသင့်သည်။ ရေနွေးချိုးခြင်းကြောင့် အခိုးမထွက်ဘဲ အပူငုပ်ပြီး နေမကောင်းဖြစ်တတ်သည်။ အပူမထွက်သဖြင့် ညောင်းကိုက်နေတတ်သည်။ ရေနွေးချိုးပြီးလျှင် အပူထွက်စေရန် ရေအေးဖြင့် အဆုံးသတ်ချိုးပေးလျှင် ညောင်းညာကိုက်ခဲခြင်းမှ သက်သာစေနိုင်သည်။

ရေနွေးအမြဲစပ်ချိုးသူများသည် မျက်စိနာတတ်သည်။ ဝမ်းတွင်းမှ အပူငွေ့များ မျက်စိသို့ရောက်ပြီးဖြစ်သည်။ မျက်စိနာဖြစ်သည်။ ကြည့်မကောင်း ကျိန်းဖန်စပ်နေသည်။ မျက်သားသိပ်မရဲသဖြင့် အဖြူနာဟုလည်းခေါ်ကြသည်။ မျက်စိကြည်စေရန်အတွက် ဆားရည်ကြည်ခပ်ပေးခြင်း၊ ညအိပ်ရာမဝင်မီ ခြေဖဝါးဆားပွတ်ခြင်း သို့မဟုတ် ဆားနင်းပြီး ဒူးအထက်မှ အောက်သို့ ရေလောင်း၊ ခြေဆေးပြီးမှအိပ်ခြင်းဖြင့် မျက်စိကြည်စေနိုင်သည်။ ဤနည်းအတိုင်း ပုံမှန်ပြုလုပ်လျှင် မျက်မှန်တပ်ရသူများပင် မျက်စိဒီဂရီလျော့စေနိုင်သည်။

ညနေနှင့် ညအချိန် ရေချိုးရသူများ အအေးမပပ်စေရန် အသံမဝင်စေရန်အတွက် ရှောက်သီးလေးစိတ် တစ်စိတ်၊ သို့မဟုတ် သံပရိုသီးကို အကွင်းလိုက်လှီးပြီး သုံးကွင်းခန့်ကို ရေနွေးမတ်ခွက်တစ်ဝက် သို့မဟုတ် အဖုံးအအုပ်ပါသော ကော်ဖီသောက်ကြွေခွက်ဖြင့် ရေနွေးဆူဆူလောင်းပြီး အုပ်ထားပါ။ အခိုးလုံအောင်အုပ်ထားပါ။ ရေမချိုးမီက ကြိုတင်အုပ်ထားပြီး ရေချိုးပြီးလျှင် ခပ်နွေးနွေးသောက်ပါ။ ရှောက်သီး သို့မဟုတ် သံပရိသီးများမှာ အခွံထူသဖြင့် ထိုအခွံမှအနံ့ကို ရှူရှိုက်ရင်း သောက်ပေးပါက ရေချိုးပြီး အအေးပပ်ခြင်းမှ ကာကွယ်နိုင်သည့်အပြင် အဆုတ်ကိုလည်း ကောင်းကျိုးပေးသည်။ အစာအိမ်ကိုလည်း အနွေးဓာတ်ရစေနိုင်သည်။

တန်ဆောင်မုန်းလပြည့်ရောက်သည်နှင့် ဆောင်းဥတုနှင့်အတူ နှင်းများကျရောက်လာတော့မည်။ နှင်းမှုန်များ ရှူရှိုက်ရင်း အအေးမပပ်စေရန်၊ ဦးခေါင်းငယ်ထိပ်အပေါ်သို့ နှင်းမကျစေရန်၊ လူကြီးများအပြင်ထွက်လျှင် ဦးထုပ်ဆောင်းထားသင့်ကြောင်း အသိပေးတင်ပြလိုပါသည်။

ဥတုမှန်သမျှတွင် ဆောင်းဥတုသည် ချောင်းဆိုး ရင်ကျပ်ရောဂါအဖြစ်ဆုံးဥတုဖြစ်သည်။ ချောင်းဆိုး ရင်ကျပ်ရောဂါသည် သလိပ်ရလျှင်သက်သာ၍ သလိပ်မရလျှင် အမောဖောက်ပြီး အသက်ရှူမရဖြစ်ကာ အသက်အန္တရာယ်ထိဒုက္ခပေးတတ်လေသည်။ ကလေးများတွင် အဆုတ်အားကောင်းသဖြင့် ချောင်းဆိုးရောဂါသည် ရက်တိုတိုနှင့် ပျောက်နိုင်သော်လည်း လူကြီးများ၊ သက်ကြီးရွယ်အိုများမှာ တော်တော်နှင့်မပျောက်၊ နှစ်လသုံးလကြာသည်အထိ ဖြစ်နေတတ်သည်။

အချို့လူကြီးများသည် ချောင်းဆိုးပြီး သလိပ်ကပ်နေလျှင် သလိပ်မထွက်လျှင် တစ်ညလုံး အိပ်မရတော့။ သူတို့၏ ချောင်းဆိုးသံကြောင့် အခြားသောအိမ်သားများပါ အိပ်မပျော်ဖြစ်ရလေ့ရှိသည်။ ထို့ကြောင့် ခွဲသလိပ်ပျော်စေသော ရင်လူးဆေး၊ လျက်ဆားတို့မှာ ရှေးမြန်မာလူမျိုးများ၏ အိမ်သုံးသက်စောင့်ဆေးများဖြစ်ခဲ့လေသည်။ ယခုအချိန် အထိလည်း ကျေးလက်တောရွာများတွင် အနောက်တိုင်းဆေးမသုံးစွဲဘဲ တိုင်းရင်းဆေး၊ ရိုးရာဆေးကို သုံးစွဲနေကြဆဲ ဖြစ်သည်။

ဆေးပရုပ်ဆီချက်လုပ်နည်း

၁။ ပျားဖယောင်း ၈ ကျပ်သား
၂။ ထင်းရှူးဆီ ၅ ကျပ်သား
၃။ မုန်ညင်းဆီ ၂၀ ကျပ်သား
၄။ ပရုတ် ၁၂ ကျပ်သား
၅။ မင်သော် ၂ ကျပ်သား
၆။ ငရုတ်ကောင်းဆီ ၂ ကျပ်သား
၇။ မီသိုင်း ၂ ကျပ်သား
(စုစုပေါင်းဆေးချိန် ၅၁ ကျပ်သား)

ဆေးချက်နည်းမှာ မီးဖိုပြီး ဒန်အိုးတွင် မုန်ညင်းဆီထည့်၍ အပူပေးပါ။ ဆူပွက်လာသောအခါ ပျားဖယောင်းကို ထည့်ပါ။ ပျော်ဝင်သွားသောအခါ ထင်းရှူးဆီကိုထည့်မွှေပါ။ အားလုံးပျော်ဝင်သွားပြီးသောအခါ ဒန်အိုးကို မီးဖိုပေါ်မှချပါ။ ပရုတ်၊ မင်သော်စသော ကျန်ဆေးအမယ်များကိုထည့်ပြီး အင်္ဂေလုံအောင် အဖုံးအုပ်ထားပါ။ ၁၅ မိနစ်ခန့်ကြာသောအခါ ပရုတ်ဆီထည့်ရန်သင့်တော်သော ဖန်ပုလင်းအဝကျယ်လေးများတွင်လိုက်ပြီး တစ်ပုလင်းစီ လောင်းထည့်ပါ။ တစ်နာရီခန့်ကြာသောအခါ ဆေးခဲသွားပြီး ပရုတ်ဆီ၊ ရင်လူးဆေးအဖြစ် သုံးစွဲနိုင်ပြီဖြစ်သည်။

သလိပ်ရလျက်ဆားဆေးနည်းမှာ –

၁။ စမုန်မျိုးငါးပါး(၄ ပဲစီ) ၁ ကျပ်သား ၈ ပဲ
၂။ ကပ်မျိုးငါးပါး(၄ ပဲစီ) ၁ ကျပ်သား ၈ ပဲ
၃။ လေးညင်းပွင့် ၈ ပဲ
၄။ ကျောက်ချဉ် ၈ ပဲ
၅။ နွယ်ချို ၁ ကျပ်သား ၈ ပဲ
၆။ ဇဝက်သာ ၂ ကျပ်သား
၇။ ပရုတ် ၂ ကျပ်သား ၈ ပဲ
၈။ ဖုံးမသိမ် ၃ ကျပ်သား
၉။ သိန္ဓော ၁၃ ကျပ်သား
(စုစုပေါင်းဆေးချိန် ၂၆ ကျပ်သား)

ဆေးအမယ်အားလုံးကိုစုပြီး ၎င်းတို့ကို အမှုန့်ပြုပါ။ ပြီးရင်ဖြင့် ရေချိုးရသည့်အချိန်ကိုလည်း ဥတုအလိုက် သတ်မှတ်ထားသည့်လက်ံာရှိသည်။ မြန်မာဆေးဆရာများသည် လူကြီးများရေချိုးမမှားစေရန် လိုက်နာခိုင်းသည့်လက်ံာမှာ 'နွေ-ကိုး၊ မိုး-တစ်ဆယ်၊ ဆောင်း-တစ်ဆယ်တစ်'ဟူ၍ဖြစ်သည်။

အဓိပ္ပာယ်မှာ လူကြီးများ၊ သက်ကြီးရွယ်အိုများ နေမကောင်းသူများ ရေချိုးသင့်သည့်အချိန်မှာ နွေဥတုတွင် နံနက် ၉ နာရီခန့်တွင် သင့်တော်သည်။ မိုးဥတုတွင် နံနက် ၁၀ နာရီခန့်နှင့် ဆောင်းဥတုတွင် အအေးပိုလာသဖြင့် နံနက် ၁၁ နာရီခန့်မှာ ရေချိုးသင့်သည်ဟုဆိုသည်။ ဤစာဆိုသည် ကျန်းမာရေးကောင်းနေသူ လူငယ်များအတွက်မဟုတ်ပါ။ ကျန်းမာရေးယိုယွင်းလာသည့် လူကြီးများ၊ အသက်ကြီးသူများအတွက်သာဖြစ်သည်။

ဆောင်းဥတုသည် နံနက်စောစောတွင် နှင်းမြူများအုံ့ဆိုင်းပြီး နေအလင်းရောင် နွေးထွေးစွာရရှိဖို့ နောက်ကျသောရာသီဖြစ်သဖြင့် အအေးမပပ်စေရန် ရေချိုးဆင်ခြင်သင့်သည်။ နွေးထွေးအောင် ညအိပ်ချိန်နှင့် နံနက်စောစော အိပ်ရာထအချိန်များတွင် သတိပြုဆင်ခြင်ပြီး လုံခြုံနွေးထွေးသော စောင်၊ အနွေးထည်၊ အဝတ်အစားများကို ဂရုတစိုက် ဝတ်ဆင်သင့်ကြောင်း တင်ပြလိုက်ရပေသည်။

ကျန်းလှမြို့နယ်တွင် ရေနှင့်အတူ ဓာတ်ငွေ့ရောနှောထွက်ရှိနေမှုအား ကွင်းဆင်းကြည့်ရှု

ကျန်းလှ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီးကျန်းလှမြို့နယ်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း နေပြည်တော်မှ ဦးထွန်းညိုဦး (ဘူမိဗေဒအရာရှိ) နှင့် ဦးသက်ဇော်ဦး (အငယ်တန်းစာရေး) တို့သည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ တာဝန်ရှိသူတို့နှင့်အတူ နိုဝင်ဘာ ၁၅ ရက်က သစ်ချိုကျေးရွာအုပ်စု မကျည်းကုန်းကျေးရွာစာသင်ကျောင်းဝင်းအတွင်းရှိ ရေလျှံတွင်းမှ ရေနှင့်အတူ ဓာတ်ငွေ့အနည်းငယ်ရောနှောထွက်နေသော ရေတွင်းအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ မန်ကျည်းကုန်းကျေးရွာစာသင်ကျောင်းဝင်းအတွင်းရှိ ရေလျှံတွင်းမှ ရေနှင့်အတူ ဓာတ်ငွေ့အနည်းငယ်ရောနှောထွက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်းတွင်လည်း ရေနှင့်ဓာတ်ငွေ့ ရောနှောထွက်နေသော ရေတွင်းငါးတွင်းခန့်ရှိကြောင်း ထပ်မံတွေ့ရှိ၍ ရွာသူ၊ ရွာသားများအား ရေတွင်းမှရေများကို အသုံးမပြုကြရန် မှာကြားကာ ရောနှောဓာတ်ငွေ့နမူနာများကို စမ်းသပ်စစ်ဆေးရန် ယူဆောင်သွားကြောင်း သိရသည်။ **မျိုးဝင်းညို(ကျန်းလှ)**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့တွင် ယခုနှစ် မိုးစပါးများ အောင်မြင်ဖြစ်ထွန်း

ကျွန်းလှ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်းသည် မိုးကောင်းသောက်လယ်မြေများဖြစ်ကြပြီး ဒေသခံတောင်သူများအနေဖြင့် စပါး၊ မြေပဲ၊ ပြောင်း၊ နှမ်းနှင့် ပဲမျိုးစုံကိုစိုက်ပျိုးကြရာ ယခုနှစ်တွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ကျွန်တော်တို့ဘက်က မိုးကောင်းသောက်လယ်မြေတွေ ဒီနှစ်မိုးများလို့ အစိုက်နောက်ကျပေမယ့် သီးနှံတွေ အောင်မြင်ပါတယ်။ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးမလိုပ်ဘူး။ သူ့သဘာဝအတိုင်း ကျွန်တော်တို့စိုက်တာပါ"ဟု စိုက်ပျိုးသူတစ်ဦးက ပြောသည်။

အိမ်ခြေ၊ ညောင်ပင်ရိုး၊ သစ်ချို၊ ရေရှင်၊ ချောင်းစောက်မယားသာ စသည့်ကျေးရွာအုပ်စုခြောက်စုအတွင်း မိုးစပါးစိုက်ဧကစုစုပေါင်း ၅၀၆၆ ဧကရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ပုသိမ်မြို့တွင် ကျင်းပ

ပုသိမ် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို စတုတ္ထတန်းက အ. ထ. က(၆) တွင်လည်းကောင်း၊ ပဉ္စမတန်းက အ. မ. က(၂၀) တွင်လည်းကောင်း၊ ဆဋ္ဌမတန်းက အ. လ. က(၁)တွင်လည်းကောင်း၊ သတ္တမတန်းက အ. ထ. က(၃)တွင်လည်းကောင်း၊ အဋ္ဌမတန်းက အ. ထ. က(၁)တွင်လည်းကောင်း ရေးဖြေနှင့် လူတွေ့ နှုတ်ဖြေစစ်ဆေးခဲ့ကြသည်။

သင်္ချာစွမ်းရည်ပြိုင်ပွဲကို စတုတ္ထတန်းမှ အဋ္ဌမတန်းထိ အ. ထ. က(၂)တွင်သာ ကျင်းပသွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

မန္တလေးတွင် အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ၏ နီးနှောဖလှယ်ပွဲ ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၇

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက် (စနေနှင့် တနင်္ဂနွေ) တို့တွင် Mandalay Hill Resort ဟိုတယ်တွင် ကျင်းပမည့် မန္တလေးမှ အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ၏ ပဌမအကြိမ် အင်္ဂလိပ်စာဘာသာစကား သင်ကြားခြင်းဆိုင်ရာ နီးနှောဖလှယ်ပွဲအခမ်းအနား (Fifth Annual Mandalay Conference forTeachers of English) ကို တက်ရောက်လိုသည့် ဆရာ၊ ဆရာမများသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၁၁ ရက်အတွင်း ဗြိတိသျှကောင်စီ မန္တလေး အမှတ် ၆/၇၊ မြေညီထပ်၊ SY တိုက်တန်း၊ ၃၀-၃၁ လမ်းနှင့် ၇၇-၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်းနံပါတ် ၀၂-၃၃၉၀၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ဗြိတိသျှကောင်စီမှ သတင်းထုတ်ပြန်ထားသည်။

အင်္ဂလိပ်စာသင်ကြား ဆရာ၊ ဆရာမများအတွက် အတွေ့အကြုံများကို ဝေငှနိုင်ရန်နှင့် နောက်ဆုံးပေါ် နည်းစနစ်များ လေ့လာသင်ယူနိုင်ရန် ဦးတည်ချက်အဖြစ်ပြုလုပ်သည့် အဆိုပါနီးနှောဖလှယ်ပွဲအခမ်းအနားသို့ ဝါရင့်ဆရာ၊ ဆရာမများကို ဦးဆောင်ဆွေးနွေးသူများအဖြစ် ဗြိတိသျှကောင်စီမှ ဖိတ်ခေါ်ထားပြီး ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် 'English Matters: Diverse Contexts in Education' အတိုင်း သင်ကြားမှုများတွင် ပြန်လည်အသုံးချနိုင်မည့် လက်တွေ့ကျသောနည်းလမ်းများကို ဦးတည်၍ ဆွေးနွေးပွဲများပြုလုပ်သွားမည်ဖြစ်သည်။

ဗြိတိသျှကောင်စီမြန်မာ၏ အင်္ဂလိပ်စာဌာနညွှန်ကြားရေးမှူး Ginny Rowlands က နိုင်ငံခြားဘာသာစကားတစ်ခုကို လေ့လာခြင်းသည် သင်ယူလေ့လာသူများအတွက် ယဉ်ကျေးမှုများကို အပြန်အလှန်နားလည်မှုရှိစေရုံသာမက နားထောင်မှုစွမ်းရည်မြင့်တက်လာရန်၊ မှတ်ဉာဏ်ပိုမိုကောင်းလာစေဖို့နှင့် ပြဿနာဖြေရှင်းနိုင်ခြင်းစွမ်းရည်များကို မြှင့်တင်ပေးနိုင်ကြောင်းနှင့် ၎င်းမှတဆင့် တခြားကျွမ်းကျင်မှုများကိုပါ အထောက်အကူပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပုံမှန်ကျင်းပပေးနေသော နှစ်ပတ်လည် ဆွေးနွေးပွဲများသည် ဆရာ၊ ဆရာမများ၏ ကျွမ်းကျင်မှုများ သာမက သင်ကြားသင်ယူမှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲပေါင်း ၂၀ ကျော်ပါဝင်မည့် နှစ်ရက်တာနီးနှောဖလှယ်ပွဲသို့ တက်ရောက်လိုသူများသည် မြန်မာငွေကျပ် ၄၅၀၀၀ ဖြင့် ဗြိတိသျှကောင်စီ မန္တလေးရုံးတွင် ရုံးချိန်အတွင်း လာရောက်စာရင်းပေးနိုင်ပြီး တက်ရောက်သူအရေအတွက် ၁၂၀ ခန့်သာ လက်ခံနိုင်မည်ဖြစ်သောကြောင့် ဦးရာလူစနစ်ဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲအစအဆုံးတက်ရောက်သူများအတွက် တက်ရောက်ကြောင်းလက်မှတ် (Certificate ofAttendance) ပေးမည်ဖြစ်ပြီး နေ့စဉ် နေ့လည်စာတစ်ကြိမ်နှင့် လက်ဖက်ရည်သောက်နားချိန်နှစ်ကြိမ် ပါဝင်မည်ဖြစ်သည်။

အခမ်းအနားနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသည်များကို ဦးအေးကြူ (ဗြိတိသျှကောင်စီ၊ မန္တလေး) ဖုန်းနံပါတ် ၀၉ ၂၅၆၁၄၄၀၂၊ ၀၂ ၃၃၉၀၄၊ aye.kyu@mm.britishcouncil.org (သို့မဟုတ်) ဦးဝေလင်းကျော် (ဗြိတိသျှကောင်စီ၊ ရန်ကုန်) ဖုန်းနံပါတ် ၀၁ ၃၇၀၉၇၇ (လိုင်းခွဲ-၃၃၅၇) wailin.kyaw@mm.britishcouncil.org သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

